ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ပဥ္စမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပဥ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၈.၉၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထ မြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ ပုဂ္ဂိုလ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးလှဆွေ၊ မကွေး(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးခင်မောင်(ခေါ်)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကျန်းမာရေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ လူမှုရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကျန်းမာရေး။ ဦးခက်ထိန်နန်၊ ကချင် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းဇော်(ခေါ်)ကိုပေါက်၊ ပဲခူး(၁၂)၊ ကျန်းမာရေး။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကျန်းမာရေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောအောင်ကျော်နိုင်(ခေါ်) ရှားဘူးဖော့၊ ကရင်(၁)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင် (၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန (၁)၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးကတစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**လှည်းကူးမြို့နယ်၊ စစ်ပင်မြောက်ကျေးရွာ၊ အဝိုင်းမြောက်ပိုင်းနှင့် အဝိုင်း(ကျွန်း)ကျေးရွာ မြေနိမ့်ပိုင်းများအား သဲစုပ်စက်များဖြင့် သဲစုပ်၍ မြေမျက်နှာပြင် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်က လှည်းကူးမြို့နယ်၊ စစ်ပင်မြောက်ကျေးရွာ၊ အဝိုင်းမြောက်ပိုင်းနှင့် အဝိုင်း(ကျွန်း)ကျေးရွာ မြေနိမ့်ပိုင်းများအား သဲစုပ်စက်များဖြင့် သဲစုပ်၍ မြေမျက်နှာပြင် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ လှည်းကူးမြို့နယ်၊ ငမိုးရိပ်ချောင်း တစ်လျှောက်အနီးရှိ ကမ်းနားမြေနိမ့်ပိုင်းရွာများဖြစ်သော စစ်ပိုင်မြောက်ကျေးရွာ၊ အဝိုင်းမြောက်ကျေးရွာနှင့် အဝိုင်းကျွန်းကျေးရွာများကို သဲစုပ်စက်များဖြင့် မြေဖို့ပေးနိုင်ခြင်းနဲ့ ပတ်သက်ပြီး အောက်ပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စစ်ပင်မြောက်ကျေးရွာနှင့် အဝိုင်းမြောက်၊ အဝိုင်းကျွန်းကျေးရွာများမှာ ငမိုးရိပ်ချောင်းကမ်းဘေးရှိ မြေနိမ့်ပိုင်းကျေးရွာများ ဖြစ်ကြပါတယ်။ ဒဂုံအရှေ့ပိုင်းမြို့နယ်ရှိ စစ်ပင်တောင်ကျေးရွာမှာလည်း ငမိုးရိပ်ချောင်းကမ်းဘေးရှိ မြေနိမ့်ပိုင်း ကျေးရွာဖြစ်ပါတယ်။ အဆိုပါ ကျေးရွာမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းတွင် ပါရှိသဖြင့် မြေနိမ့်ပိုင်းများကို သောင်တူးစက်များဖြင့် မှုတ်၍ ရေကြီးခြင်းမှ လွတ်မြောက်အောင် မြှင့်တင်ပြင်ဆင်ပေးပြီး ဖြစ်ပါတယ်။ ၎င်းရွာနှင့် မျက်နှာချင်းဆိုင်ဖြစ်သော စစ်ပင်မြောက်ကျေးရွာ၊ အဝိုင်းမြောက်၊ အဝိုင်းကျွန်းကျေးရွာတို့မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ် ပြင်ပမြို့နယ်များဖြစ်၍ လှည်းကူးမြို့နယ်အတွင်းမှာ ရှိနေသဖြင့် သဲမှုတ်စက်ဖြင့် ပြင်ဆင်ထားနိုင်ခြင်း မရှိသည်ကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ စစ်ပင်မြောက်ကျေးရွာ၊ အဝိုင်းမြောက်ကျေးရွာနှင့် အဝိုင်းကျွန်းကျေးရွာ မြေနိမ့်ပိုင်းများအား သဲမှုတ်၍ ပြင်ဆင်ပေးနိုင်ခြင်းနဲ့ ပတ်သက်ပြီး ဒေသခံပြည်သူများ၏ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါသည်။

စစ်ပင်မြောက်ကျေးရွာ၊ အဝိုင်းမြောက်ပိုင်းနှင့် အဝိုင်းကျွန်းကျေးရွာ မြေနိမ့်ပိုင်းများအား သဲစုပ်စက်များဖြင့် သဲစုပ်၍ မြေမျက်နှာပြင် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ။ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများ၏ ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လားရှိုး - မန္တလေးလမ်းပေါ်ရှိ နမ့်မျှော်ချောင်း ပေါ်တွင် မော်တော်ယာဥ်နှင့် အခြားစက်တပ်ယာဥ်များ ဖြတ်သန်း သွားလာနိုင်မည့် ကွန်ကရစ်တံတား သို့မဟုတ် ဘေလီသံတံတား တစ်ခု တည်ဆောက်ပေးရန် အစီအစဥ် ရှိ/မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က လားရှိုး - မန္တလေးလမ်းပေါ်ရှိ နမ့်မျှော်ချောင်းပေါ်တွင် မော်တော်ယာဥ်နှင့် အခြားစက်တပ်ယာဥ်များ ဖြတ်သန်း သွားလာနိုင်မည့် ကွန်ကရစ်တံတား သို့မဟုတ် ဘေလီသံတံတားတစ်ခု တည်ဆောက်ပေးရန် အစီအစဥ် ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းစံမင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းလို့တဲ့ မေးခွန်းကတော့ လားရှိုး-မန္တလေးလမ်းပေါ်ရှိ နမ့်မျှော်ချောင်းပေါ်တွင် မော်တော်ယာဥ်နှင့် အခြား စက်တပ်ယာဥ်များ ဖြတ်သန်းသွားလာနိုင်မယ့် ကွန်ကရစ်တံတား သို့မဟုတ် ဘေလီတံတားတစ်ခု တည်ဆောက်လုပ်ပေးရန် အစီအစဥ် ရှိ/မရှိ နှင့် စပ်လျဥ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုးမြို့နဲ့ (၁၂)မိုင်ခန့်ကွာဝေးသော နာမည်ကြီး ရှန်ခိုက်ဘုရားပွဲကို ရောက်ဖူးသူတိုင်း ဒါ နာမည်ကြီးတဲ့ ပွဲတော်တစ်ခုအနေနဲ့ ကျွန်တော်တင်ပြလိုပါတယ်။ အခု မန်းပွဲလုံ အုပ်စုဟာ ရှန်ခိုက်ဘုရားပွဲအလွန် (၂)မိုင် အကွာအဝေးမှာ တည်ရှိပြီးတော့ လားရှိုးမြို့နယ်နဲ့ဆိုရင် (၁၄) မိုင်ခန့် တည်ရှိတဲ့ နေရာဖြစ်ပါတယ်။ မန်းပွဲလုံအုပ်စုဟာ ကျေးရွာပေါင်း(၁၁)ရွာ၊ အိမ်ခြေ(၃၉၄)အိမ်၊ အိမ်ထောင်စု(၃၆၇)စု၊ လူဦးရေ (၂၀၆၅)ရှိပြီးတော့ အခြေစိုက်နေထိုင်လျက်ရှိတဲ့ တိုင်းရင်းသားများမှာ ရှမ်းလူမျိုးနဲ့ ပလောင်လူမျိုးအများစုဖြစ်ပြီး၊ ကချင်၊ ကိုးကန့်၊ ဗမာ၊ ဂေါ်ရခါးလူမျိုးများ စုပေါင်းနေထိုင်ကြပါတယ်။ ကျေးရွာပေါင်း(၁၁)ရွာရှိသည့်အနက် နမ့်မျှော်ချောင်းရဲ့ တစ်ဖက်တွင် မန်းပွဲဘူတာရွာ၊ မန်းပွဲလုံ၊ ဂေါရခါးကုန်း၊ နမ္မတူ ကချင်ရွာတို့ရှိပြီး ကျန်တစ်ဖက်ကမ်းတွင် ခိုလိတ်ရွာ၊ ခိုက်စင်၊ ဈေးကုန်း၊ မန်ပုံ၊ မန်ဟောင်၊ ပန်မလန်းနှင့် ခိုက်ထွေရွာ အသီးသီးတစ်ဖက်စီ နေထိုင်ကြပါတယ်။ အခြားမြို့နယ်များဖြစ်တဲ့ သီပေါမြို့နယ်၊ နမ္မတူမြို့နယ်ရှိ ကျေးရွာအုပ်စုများနှင့်လည်း တစ်စပ်တစ်ဆက်တည်းဖြစ်ပြီး ဖြတ်သန်းသွားလာနိုင်သဖြင့် စီးပွားရေး အတော်အတန် ကောင်းမွန်တဲ့ နယ်မြေဒေသတစ်ခု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခိုလိတ်ရွာနဲ့ မန်းပွဲဘူတာရုံအကြားတွင် နမ့်မျှော်ချောင်း ဖြတ်သန်းစီးဆင်းလျက်ရှိပြီး လားရှိုးမြို့မှ မန္တလေးမြို့သို့ နေ့စဥ် အစုန်၊ အဆန် ခုတ်မောင်းလျက်ရှိသော မီးရထားသည်လည်း အဆိုပါ နမ့်မျှော်ချောင်း မီးရထားသံလမ်းကူးတံတားပေါ်တွင် အရှည်(၂၀၀)ပေခန့်ရှိတဲ့ တံတားအမှတ်(၅၉၁)ပေါ်တွင် နေ့စဥ်ဖြတ်သန်းသွားလာရပါတယ်။ ထို့အပြင် အဆိုပါ မီးရထားသံလမ်းကူးတံတားပေါ်တွင် ကျေးရွာနေ ပြည်သူလူထုများကလည်း ၎င်းတို့၏ နေ့စဥ်လိုအပ်ချက်များဖြစ်တဲ့ လူမှုရေး၊

စီးပွားရေး၊ ကျန်းမာရေးနဲ့ ပညာရေး စသဖြင့် ကိစ္စရပ်များရှိပါက အဆိုပါ တံတားကို အမှီပြု၍ နေ့စဉ် အန္တရာယ်ကြားက ဖြတ်သန်း သွားလာနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေ့စဉ်ရက်ဆက် မီးရထားသံလမ်းကူးတံတားပေါ် ဖြတ်သန်းသွားလာရခြင်းကြောင့် မတော်တဆ အသက်ဘေးအန္တရာယ်ကြုံတွေ့ရတာတွေလည်း ရှိခဲ့ဖူးပါတယ်။ ယနေ့အချိန်အထိ အဆိုပါတံတားအပေါ် ဖြတ်သန်းသွားလာရခြင်းကြောင့် တံတားပေါ်မှ ပြုတ်ကျပြီး အသက်ဆုံးရှုံးရတဲ့ ကျေးရွာသား တစ်ဦး ရှိခဲ့ပြီး၊ ပညာရေးဝန်ထမ်းဖြစ်တဲ့ ဆရာမ ဒေါ်နုနုအေး အပါအဝင် အခြားကျေးရွာသား (၅)ဦးသည်လည်း တံတားပေါ်မှ ပြုတ်ကျပြီး ရေချောင်းထဲမှ ပြန်လည်ဆင်း ကယ်ယူခဲ့ကြရသည် အထိ အသက်ဘေးအန္တရာယ်နှင့် မကြာခဏကြုံတွေ့ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Slide ထိုးပြခွင့် ပြုပါခင်ဗျား။ ဒီချောင်းကတော့ နမ့်မျှော်ချောင်းပဲ ဖြစ်ပါတယ်။ ခိုလိတ်ရွာနဲ့ မန်းပွဲဘူတာရုံအကြားမှာ တည်ရှိတဲ့ ချောင်း ဖြစ်ပါတယ်ခင်ဗျား။ ဒီတံတားကတော့ ကျွန်တော်တို့ နေ့စဉ် လားရှိုးကနေ မန္တလေး အစုန်၊ အဆန်ဖြတ်သန်းသွားတဲ့ မီးရထားသံလမ်းကူးတံတားဖြစ်ပါတယ်ခင်ဗျား။ ပြည်သူလူထုလည်း ဒီတံတားပေါ်မှာ မှီခိုပြီးတော့ ဖြတ်သန်းသွားလာရတဲ့ တံတားဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ပြည်သူလူထုနဲ့ ကျွန်တော်ကွင်းဆင်းပြီးတော့ ကြည့်ရှုတဲ့ ပုံလေးပါခင်ဗျား။ ဒါကတော့ တံတားပေါ်မှာ မီးရထားဖြတ်သန်းသွားလာတဲ့အချိန်မှာ ခေတ္တခဏ ပိတ်ထားတဲ့ အချိန်မှာ ပြည်သူလူထု ချောင်းကို ကူးချင်တယ်ဆိုရင် ဒီဖောင်လေးနဲ့ပဲ ကူးကြပါတယ်ခင်ဗျား။ သူတို့ဖြစ်ချင်တာလည်း တံတားဆောက်ပေးမယ်ဆိုရင် ဒီ ဖောင်ဆိပ်ကနေ တံတားထိုးပြီးတော့ တံတား အသစ်ထိုးပေးဖို့ ဆန္ဒရှိကြောင်း ကျွန်တော်ကို ပြောပြပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော် ကွင်းဆင်းလေ့လာတဲ့အချိန်မှာ ဒေသခံပြည်သူများနဲ့ တံတားပေါ်မှာ ဖြတ်ကြည့်တဲ့ ပုံလေးပါခင်ဗျား။ ဒါကတော့ ပြည်သူလူထုတွေပါ။ ဒါကတော့ တံတားအသစ်ထိုးဖို့ သူတို့လိုက်ပြတဲ့ နေရာလေးတွေပါခင်ဗျား။ ထိုနည်းလည်းကောင်းပါပဲ။ ဒါကတော့ ကျွန်တော်တို့မှတ်တမ်းတင်ထားတဲ့ ပုံလေးပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ နမ့်မျှော်ချောင်းပေါ်တွင် ကွန်ကရစ်တံတား တည်ဆောက်ပေးမည်ဆိုပါက အများပြည်သူလူထုတို့ရဲ့ အသက်ဘေးအန္တရာယ်လည်း ကင်းဝေးစေနိုင်ပြီး၊ ၎င်းတို့ရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု ပြောင်းလဲလာနိုင်မယ့်အပြင် တံတားတည်ဆောက်ပေးနိုင်မယ်ဆိုပါက လားရှိုးမြို့မှ မော်တော်ယာဉ်ဖြင့် အဆိုပါ တံတားပေါ်သို့ ဖြတ်သန်းပြီး သီပေါမြို့သို့လည်းကောင်း၊ နမ္မတူမြို့သို့ လည်းကောင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့သို့လည်းကောင်း အသီးသီး ဆက်သွယ်ဖြတ်သန်း သွားလာနိုင်မည် ဖြစ်ပါသဖြင့် အများပြည်သူတို့အတွက် များစွာအကျိုးသက်ရောက်မှုများလည်း ရှိလာနိုင်မယ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ကျေးလက်နေပြည်သူလူထုများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းမှာ (က) အဆိုပါ နမ့်မျှော်ချောင်းပေါ်တွင် မော်တော်ယာဉ်နှင့် အခြားစက်တပ်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မည့် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသည်။ (ခ) ကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးပါက ကျေးရွာသူ၊ ကျေးရွာသားများ အသက်ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရန်အတွက် ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသည်။ (ဂ) အကယ်၍ အထက်ဖော်ပြပါ ချောင်းကူးတံတားအား တည်ဆောက်ပေးမည်ဆိုပါက မည်သည့် အချိန်ကာလတွင် စတင်တည်ဆောက်ပေးမည်။

တည်ဆောက်ပေးရန် အစီအစဥ် မရှိပါက ဘယ့်အတွက်ကြောင့် မတည်ဆောက်ပေးနိုင်ခြင်းကို သိရှိလို ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဝါးဖောင်ဖြင့် ချောင်းဖြတ်ကူးနေသောပုံ (၄)




နမ့်မျှော်ချောင်းရထားလမ်းပေါ်မှ ကြည့်နေသော မြင်ကွင်း ပုံ (၄-၁)




**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

နမ့်မျှော်ချောင်းရထားလမ်းပုံ (၈-၂)




**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ဆက်အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ၏ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသအစိုးရအဖွဲ့ရဲ့ ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စစ်ပင်မြောက်ကျေးရွာ၊ အဝိုင်းမြောက်ပိုင်းနှင့် အဝိုင်းကျွန်းကျေးရွာများတွင် ကျေးရွာဖွဲ့စည်း နေထိုင်မှု အခြေအနေမှာ အကျယ်အဝန်းအားဖြင့် စစ်ပင်မြောက်မှာ (၁၈၀၂)ဧက၊ အဝိုင်းမြောက်မှာ (၂၀၁၂)ဧက၊ အဝိုင်းကျွန်းမှာ (၂၆၂၄)ဧက၊ ဒါကြောင့် စုစုပေါင်း (၆၄၃၈)ဧက ဖြစ်ပါတယ်။ ရွာမြေအနေနဲ့ စစ်ပင်မြောက်မှာ (၈)ဧက၊ အဝိုင်းမြောက်မှာ (၁၅)ဧက၊ အဝိုင်းကျွန်းမှာ (၁၉)ဧက စုစုပေါင်း (၄၂)ဧက ရှိပါတယ်။ အိမ်ခြေအားဖြင့် စစ်ပင်မြောက်မှာ (၁၁၀)အိမ်၊ အဝိုင်းမြောက်မှာ (၂၈၅)အိမ်နဲ့ အဝိုင်းကျွန်းတွင် (၅၂)အိမ် စုစုပေါင်း(၄၄၇)အိမ်ရှိပါတယ်။ လူဦးရေအနေဖြင့် စစ်ပင်မြောက်တွင် (၅၇၅)ဦး၊ အဝိုင်းမြောက်တွင် (၁၁၇၉)ဦး၊ အဝိုင်းကျွန်းတွင် (၃၁၀)ဦး စုစုပေါင်း လူဦးရေ (၂၀၆၄)ဦးရှိပါတယ်။ မူလတန်းကျောင်း အနေဖြင့် စစ်ပင်မြောက်တွင် (၁)ကျောင်း၊ အဝိုင်းမြောက်တွင် (၁)ကျောင်း၊ အဝိုင်းကျွန်းတွင် (၁)ကျောင်း စုစုပေါင်း(၃)ကျောင်းရှိပါတယ်။ ဘုန်ကြီးကျောင်းအနေနဲ့ စစ်ပင်မြောက်တွင် (၁)ကျောင်း၊ အဝိုင်းမြောက်တွင် (၁)ကျောင်း၊

အဝိုင်းကျွန်းတွင် (၁)ကျောင်း စုစုပေါင်း(၃)ကျောင်းရှိပါတယ်။ ဆေးပေးခန်းအနေဖြင့် အဝိုင်းမြောက်တွင် (၁)ခုသာရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြတဲ့ ငမိုးရိပ်ချောင်းဘေးမှာရှိ ဒဂုံ(အရှေ့ပိုင်းမြို့နယ်)၊ စစ်ပင်တောင်ကျေးရွာတွင် မြေနိမ့်ပိုင်းများအား သောင်တူးစက်ဖြင့် မှုတ်၍ ရေကြီးမှု လွတ်မြောက်အောင် မြှင့်တင်ပြင်ဆင်ပြီးဆိုသည်မှာ မဟုတ်ပါ။ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ အရှေ့ခြမ်း မြို့နယ်များဖြစ်သည့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်များအတွင်း ရေကြီး၊ ရေလျှံ၊ ရေနစ်မြုပ်မှုများမှလည်း ကာကွယ်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စွမ်းအင် ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီး(၃)ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး၊ ဆည်မြောင်းဦးစီးဌာန၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စွမ်းအင်ဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းပြီး ငမိုးရိပ်ချောင်းမကြီးတစ်လျှောက် နုန်းထုများအား ပိတ်ဆို့နေမှုအပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငမိုးရိပ် ချောင်းတစ်လျှောက် သောင်တူးစက်ကြီး(၂)စီးဖြင့် ယခုအချိန်အထိ တူးဖော်လျက်ရှိရာ စုစုပေါင်းပေ (၃၀၀၁၁) ခန့် တူးဖော်ရမည်ဖြစ်ပြီး၊ ယခုအချိန်မှာ ပေ (၁၈၀၀၀) ခန့် တူးဖော်ပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ စစ်ပင်တောင်ကျေးရွာသည် ငမိုးရိပ်ချောင်းကမ်းဘေးတွင် တည်ရှိသဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောင်တူးစက်ကြီးများဖြင့် တူးဖော်ရာမှ ထွက်ရှိလာသည့် နုန်းနှင့် ရေများအား ချောင်းကမ်းဘေး ဝဲ/ယာပေ(၁၅၀)ခန့် အကွာအဝေးအတွင်းရှိ ကျေးရွာများမှ မြေပိုင်ရှင်များ၏ ညှိနှိုင်းသဘောတူညီချက်အရ စက်ယန္တရားဖြင့် မှုတ်တင်ပေးနေခြင်းဖြစ်ပြီး သီးခြားဆောင်ရွက်ပေးခြင်း မဟုတ်ပါ။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နုန်းနှင့် ရေမှုတ်တင်သည့် စက်ယန္တရားမှာ ကမ်းဘေးဝဲ/ယာမှ ပေ(၁၀၀၊ ၁၅၀)ခန့်သာ မှုတ်တင်ပေးနိုင်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီး တင်ပြသည့် လှည်းကူးမြို့နယ် စစ်ပင်မြောက်၊ အဝိုင်း(မြောက်)နှင့်အဝိုင်း(ကျွန်း)ကျေးရွာများရှိ မြေပိုင်ရှင်များ၏ သဘောတူညီချက်ရရှိရေး ကိုယ်စားလှယ်တော်ကြီးမှ ညှိနှိုင်းဆောင်ရွက်ပေးပြီး မြေပိုင်ရှင်များ၏ သဘောတူညီချက် ရရှိပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ သောင်တူးစက်များဖြင့် ချောင်းကမ်းဘေး ပေ(၁၀၀၊ ၁၅၀) ခန့်အကွာရှိ ကျေးရွာများ၏ မြေလွတ်များအား သောင်တူးရာမှ ထွက်ပေါ်လာသည့် နုန်းနှင့်ရေများအား ဆက်လက်မှုတ်တင်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း ၏ မေးမြန်းချက်နှင့် ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။လားရှိုးမြို့နယ်၊ခိုလိတ်ကျေးရွာနှင့် မန်းပွဲဘူတာရုံကြားရှိ နမ့်မျှော် ချောင်းကူး တံတားတည်ဆောက်မည့်နေရာသည် ချောင်းအကျယ် ပေ(၁၅၀) ကျယ်သောနေရာ ဖြစ်ပါတယ်။ အဆိုပါ

နေရာတွင် ချောင်းကူးတံတား တည်ဆောက်မည်ဆိုပါက အရှည် (၁၅၀)ပေ၊ အကျယ်(၁၄)ပေ၊ အမြင့် (၁၃)ပေရှိကွန်ကရစ်တံတား (၁)စင်း တည်ဆောက်ရန်လိုအပ်မည်ဖြစ်ပြီး တံတား တည်ဆောက်နိုင်ရေး အတွက် စနစ်တကျ ကွင်းဆင်းတိုင်းတာ၍ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် ခွင့်ပြုရန်ပုံငွေ ရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနနဲ့ ညှိနှိုင်းဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်းနဲ့ ဒေသဖွံ့ဖြိုးရေး လူမှုစီးပွားရေး အထောက် အကူပြု ဦးစားပေးအလိုက် ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက် ပေးသွားမည် ဖြစ်ပါကြောင်း၊ ချောင်းကူးကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက လားရှိုး၊ သီပေါ၊ နမ္မတူ မြို့နယ်များအတွင်းရှိ ကျေးရွာ (၁၆)ရွာ ၊ အိမ်ခြေ(၁၀၀၀)၊ လူဦးရေ (၃၇၈၅)ဦးအား အကျိုးပြု နိုင် မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဖလမ်းမြို့နှင့် ရိဒ်ခေါဒါရ်မြို့များတွင် တစ်ဦးချင်း ကုန်သွယ်မှုကတ် (ITC) ထုတ်ပေးခြင်းနှင့် ပတ်သက် သည့် အသိပညာများ ဒေသခံပြည်သူများ ရရှိနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရက်တိုသင်တန်း ဖွင့်လှစ် ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ဖလမ်းမြို့နှင့် ရိဒ်ခေါဒါရ်မြို့များတွင် တစ်ဦးချင်း ကုန်သွယ်မှုကတ် (ITC) ထုတ်ပေးခြင်းနှင့် ပတ်သက် သည့် အသိပညာများ ဒေသခံပြည်သူများ ရရှိနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက ရက်တိုသင်တန်း ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယခင်ခေတ်များတွင်တော့ အဓိက ဆိုရှယ်လစ်ခေတ်မှာတော့ ကျွန်တော်တို့ ရိဒ်ဂိတ်ကနေပြီးတော့ ဖလမ်းကို ဖြတ်ပြီးတော့ ကုန်သွယ်မှု လုပ်ကြပါတယ်။ အဲဒီတုန်းကတော့ သူတို့ မှောင်ခိုလို့ ခေါ်ပါတယ်။ အဲဒီကနေတစ်ဆင့် တရုတ်ပြည်ပေါ့၊ ပြီးတော့ တရုတ်ကနေ ပစ္စည်းတွေကိုလည်း သယ်ပြီးတော့ ဖလမ်း၊ ရိဒ်၊ အိန္ဒိယ အဲဒီလိုမျိုး အပြန်အလှန် လုပ်ခဲ့ကြပါတယ်။ ဒါ ခု ကျွန်တော်တို့ ဒီမိုကရေစီခေတ်လည်း ရောက်လာပြီဖြစ်တဲ့အတွက်ကြောင့် တရားဝင် နည်းလမ်းတွေနဲ့ ဒေသခံ ပြည်သူတွေက ကုန်သွယ်လို့ ရမှန်းကို မသိတဲ့သူတွေ အများကြီး ရှိပါသေးတယ်။ အဲဒါကြောင့် ဒေသခံပြည်သူတွေက ဥပဒေနဲ့အညီ ကုန်သွယ်မှု လုပ်ငန်းတွေ လုပ်တတ်လာအောင် ပြီးတော့ ဒီလိုလုပ်လို့ ရတယ်ဆိုတာတွေလည်း သိလာအောင် ITC လို့ ခေါ်တဲ့ Individual Trading Card ပေါ့ တစ်ဦးချင်း ကုန်သွယ်မှုကတ် အဲဒါ ထုတ်ပေးခြင်းနဲ့ပတ်သက်တဲ့ အသိပညာတွေပေါ့၊ ပြီးတော့ လုပ်ငန်းကြီးပဲဖြစ်ဖြစ် တည်ထောင်နိုင် မယ်ဆိုရင်လည်း ဒီလိုအားဖြင့် ဘယ်လိုကုန်သွယ်မှုကို လုပ်လို့ရသလဲ၊ အဲဒါမျိုးကို ဒေသခံပြည်သူများ သိနိုင်အောင် မေးမြန်းခြင်း ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် ဖလမ်းမြို့နဲ့ ရိဒ်ခေါဒါမြို့နယ် ခွဲမြို့များတွင် တစ်ဦးချင်း ကုန်သွယ်မှုကတ် ITC ထုတ်ပေးခြင်းနှင့် ပတ်သက်သည့် အသိပညာများ ဒေသခံပြည်သူများ ရရှိနိုင်ရန် စီးပွားရေးနှင့် ကူးသန်း

ရောင်းဝယ်ရေး ဝန်ကြီးဌာနက ရက်တိုသင်တန်း ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/ မရှိ မေးမြန်းပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်တဲ့ အခါမှာ ဒေသခံတိုင်းရင်းသားများ ရိုးရှင်းလွယ်ကူစွာ ကုန်သွယ်မှုဆောင်ရွက်နိုင်ရန် တရားမဝင် ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီး ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မား လာစေရန်နှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အခများ တိုးတက်ရရှိစေရန် ရည်ရွယ်ပြီး တော့ တစ်ဦးချင်း ကုန်သွယ်မှု လုပ်ငန်းရှင် မှတ်ပုံတင် လက်မှတ် (Individual Trading Card – ITC) ဖြင့် ကုန်သွယ်ဆောင်ရွက်ခွင့်ကို ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန လက်အောက်မှာရှိတဲ့ နယ်စပ်ကုန်သွယ်ရေး စခန်းအားလုံးမှာ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ITC ကတ်နဲ့ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ကို နယ်မြေအလိုက် သတ်မှတ်ခွင့်ပြုခဲ့ပြီးတော့ ချင်းပြည်နယ် အတွင်းမှာ ရိဒ်ခေါဒါရ် နယ်စပ်စခန်းမှာ ရိဒ်၊ တီးတိန်၊ ကလေးမြို့နယ်နှင့် ထန်တလန်နယ်စပ် ကုန်သွယ်ရေးစခန်းမှာ ထန်တလန်၊ ဟားခါး၊ ဖလမ်းမြို့နယ်များရှိတဲ့ ဒေသခံပြည်သူများကို ITC ကတ်နဲ့ ကုန်သွယ်ဆောင်ရွက်ခွင့်ပြုထားပါတယ်။ ပို့ကုန်၊ သွင်းကုန်လုပ်ငန်း ဆောင်ရွက်ရာမှာလည်း တစ်ရက်လျှင် ကျပ်သိန်း (၂၀) နှုန်းနဲ့ (၅)ရက်စာ တစ်ကြိမ်တည်း ကျပ်သိန်း (၁၀၀) ထိ ITC ကတ်နဲ့ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခွင့်ကို ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းမှာ ITC ကတ်နဲ့ ကုန်သွယ်မှု အခြေအနေကတော့ စတင်ခွင့်ပြုခဲ့တဲ့နေ့ကနေပြီးတော့ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ အထိကို ITC ကတ် အရေအတွက် (၁၂)ကတ်၊ (၁၂)ဦး ပြုလုပ်ထားပြီးတော့ ပို့ကုန် ကျပ်(၅)သန်းနှင့် သွင်းကုန် ကျပ် (၂၂၇.၃၅)သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ (၂၃၂.၃၅)သန်းထိကို ဆောင်ရွက်နိုင်ခဲ့တာ တွေ့ရ ပါတယ်။ ထန်တလန်နယ်စပ်ကုန်သွယ်ရေးစခန်းမှာတော့ စတင်ခွင့်ပြုတဲ့နေ့ကနေပြီးတော့၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ထိ ITC ကတ် (၁)ဦးတည်းသာ လာရောက်ဆောင်ရွက်မှုရှိပြီးတော့ ကုန်သွယ်မှု လုပ်ငန်းများ ယနေ့အချိန်ထိ ဆောင်ရွက်နိုင်မှု မရှိသေးကြောင်းကိုလည်း တွေ့ရှိရပါတယ်။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန

အနေနဲ့ ဒေသခံ ပြည်သူများ ITC ကတ် နဲ့ ကုန်သွယ်မှုများ ပြုလုပ်နိုင်ဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နဲ့ မိမိတို့ ရုံးချုပ်မှ တာဝန်ရှိသူများ၊ ဒေသမှာရှိတဲ့ နယ်စပ်ကုန်သွယ်ရေး စခန်းများမှ စခန်းတာဝန်ခံများနဲ့ ညှိနှိုင်းပေါင်းစပ်ပြီးတော့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးများမှာသော်လည်းကောင်း၊ ရုံးချုပ်နှင့် နယ်စခန်း များမှာသော်လည်းကောင်း၊ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်းများမှာသော်လည်းကောင်း ITC နဲ့ ပတ်သက်သည့် လုပ်ထုံးလုပ်နည်းတွေကို ရှင်းလင်းပို့ချ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရရဲ့ အစီအစဉ်နဲ့ မြင်းမူမြို့မှာ ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းက ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများအပြင် ITC နဲ့ပတ်သက်တဲ့လုပ်ထုံးလုပ်နည်းများကိုလည်း ပို့ချခဲ့ပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်းမှာ ရှိတဲ့ ရိဒ်ခေါဒါရ် မြို့နယ်နှင့် ဖလမ်းမြို့နယ် များမှာရှိတဲ့ ဒေသခံများကို ITC ကတ်နဲ့ ကုန်သွယ်မှု ဆောင်ရွက်လာနိုင်ရေးအတွက် ရက်တိုသင်တန်းများကိုလည်းကောင်း အခြားကုန်သွယ်မှုနဲ့ ပတ်သက်တဲ့ သိသင့်သိထိုက်တဲ့ အကြောင်းအရာများကိုလည်းကောင်း လာရောက်ရှင်းလင်း ပို့ချပေးရန် ညှိနှိုင်းအကြောင်းကြားပါက ချင်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်း၍ ဖွင့်လှစ်သင်ကြားပေးနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ လာရောက်ညှိနှိုင်းပါက ဆိုတာက ဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်ကို ညှိနှိုင်းစေချင် ပါတယ်။ ကျွန်တော်တို့ ပြည်နယ်အစိုးရနဲ့ ဆက်သွယ်ဖို့ကကျတော့ တရားနည်းလမ်းအရ Legitimacy အရပေါ့နော်၊ ကျွန်တော်တို့နဲ့ ဆက်သွယ်ရမယ့် လမ်းကြောင်းက မဟုတ်ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဝန်ကြီးဌာနအနေနဲ့ပဲ ချင်းပြည်နယ်အစိုးရကို ဆက်သွယ်ပေးပြီးတော့ ဒီလိုမျိုး လွှတ်တော်ကိုယ်စားလှယ်က တင်ပြတာ ရှိပါတယ်။ ကျွန်တော်တို့ ဒီလို သင်တန်းပေးချင်ပါတယ်ဆိုတာမျိုးနဲ့ သူတို့ လာဆက်သွယ်ပါက ဆိုတာကတော့ မဆက်သွယ်ရင် ဒေသခံပြည်သူတွေက အသိပညာတွေကို ရတော့မှာ မဟုတ်ပါဘူး။ အဲဒါကြောင့် ဝန်ကြီးဌာနအနေနဲ့လည်းပဲ ဆက်သွယ်ပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရှိတာပဲ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လည်း ခု ကိုယ့်အချင်းချင်းတွေပဲလေ၊ သူတို့ကို ပြည်နယ်လွှတ်တော်မှာ တင်ခိုင်းလိုက်ပေါ့။ တင်ခိုင်းလိုက်ပြီးတော့ ပြည်နယ်လွှတ်တော်ကတစ်ဆင့် ပြည်နယ်အစိုးရကနေပြီးတော့ လိုအပ်တယ် ဆိုလို့ရှိရင် လှမ်းပြီးတော့ ဖိတ်ခေါ်လိုက်ရုံပဲ ရှိတာပဲ၊ ဒီက သွားဖွင့်ပြီးမှ သင်တန်းသားမရှိရင် ဘယ်လို လုပ်မလဲ၊ တက်မယ့်သူ မရှိရင် ဘယ်လိုလုပ်မလဲ၊ တက်မယ့်လူကို ဘယ်သူက Organize လုပ်ပေးမလဲ၊ သင်တန်းတစ်ခု ဖြစ်မြောက်ဖို့အတွက် Organize လုပ်ပေးဖို့ လိုတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ကျွန်တော်တို့က အဲဒီလို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေကို တင်ခိုင်းပါ ဆိုတာကလည်း ကျွန်တော်တို့က လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တင်ခိုင်းဖို့ဆိုတာက သူတို့ တင်ချင်မှတင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တို့ရဲ့ Channel။ ကျွန်တော်တို့ရဲ့လမ်းကြောင်းအရ ကျွန်တော်တို့က တင်တာက လုံလောက်ပြီလို့ ထင်ပါတယ်။ ဒီပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို သွားချဉ်းကပ်ဖို့ဆိုတာက ကျွန်တော်တို့လမ်းကြောင်း မဟုတ်တဲ့ ပြည်နယ်အစိုးရတွေကို သွားချဉ်းကပ်ဖို့ ဆိုတာကတော့

အဲဒါထက် ကျွန်တော်တို့ရဲ့ လမ်းကြောင်းအမှန် လွှတ်တော်မှာ တင်ပေးပြီးတော့ ဒီ ပြည်ထောင်စုမှာ အစိုးရက ဒါ သူ့ဟာသူ အခြေခံဥပဒေမှာ ဖော်ပြထားတာ ပြည်ထောင်စုရဲ့ အာဏာက ဒေသအားလုံး အထိ သက်ရောက်ပါတယ်။ အဲဒါကြောင့် သူ့ဟာသူပဲ ဆောင်ရွက်ပြီးတော့ အဲဒီလို ပြည်နယ်နဲ့ ညှိနှိုင်း နေစရာမလိုဘဲ သူ့ဟာသူ ဆောင်ရွက်လို့ ရတယ်လို့ အခြေခံ ဥပဒေအရပေါ့နော် ဒီလိုပဲ မြင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရဲ့အာဏာ နိုင်ငံတစ်ဝန်းလုံး သက်ရောက်တယ်ဆိုတာ ဥပဒေ သက်ရောက်တာ၊ အစိုးရအဖွဲ့ရဲ့ လုပ်ငန်းနဲ့ပတ်သက်လို့ရှိရင်တော့ ပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေ အတွက်ကို ညှိနှိုင်းဆောင်ရွက်ပေးရမယ်။ ဒီလိုလာတယ်။ ဥပဒေမှာ၊ အဲဒီတော့ ဟိုအစိုးရကနေပြီးတော့ Organize လုပ်မပေးလို့ရှိရင် ဒီက သွားပြီးတော့ သင်တန်း ပို့ချတဲ့လူတွေ ဘယ်လိုလုပ်မလဲ၊ ဘယ်သူ လုပ်ပေးမလဲ၊ ဦးဇုန်လှယ်ထန်း လုပ်ပေးမလား၊ ဟိုမှာ သင်တန်းဖြစ်မြောက်ရေးအတွက် သင်တန်းသား ဘယ်လောက်ရှိတယ် လာပို့ချပါဆိုရင်တော့ ခုနကလို ပြောလို့ရတယ်။ သင်တန်းတက်မယ့်သူ ဘယ်လောက်ရှိပါတယ်။ သဘောက။ ပြည်နယ်ကိစ္စ က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နဲ့ တိုင်ပင်ရမှာပေါ့၊ ဒေသဖွံ့ဖြိုးရေးလုပ်တယ်ဆိုတာ တိုင်ပင် လုပ်တာပဲ။ အမှန်တကယ် လိုတယ်၊ မလိုဘူး ဆိုတာ တစ်ဦးတည်းပြောရတာနဲ့တင် ဆုံးဖြတ်လို့ မရဘူး။ အမှန်တကယ် Channel ကနေ လိုအပ်ကြောင်းကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကလည်း သဘောတူမယ်။ သူတို့ကလည်း သူတို့ တင်မယ်၊ ဒီကလည်း တင်မယ်။ အဲဒီလို ပေါင်းစပ် ညှိနှိုင်းဖို့ အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က လုပ်ပေးရတာ၊ သဘောပေါက်ပြီလား မသိဘူး။ အာဏာ တည်တယ်ဆိုတာ အဲဒီလို လုပ်စေကွာ ဆိုလို့ မရဘူး။ နောက်ဆိုရင် ခုန ဖက်ဒရယ်ကို အခြေခံသော ဆိုရင် ပိုပြီးတော့ ဒီက သွားလုပ်ချင်တိုင်း လုပ်လို့ မရဘူး။ ဘတ်ဂျက်ဆိုလည်း လာပြီပေါ့၊

မနေ့ကလို ဦးဆလိုင်းခွဲယန် တို့ တင်ပြတဲ့ကိစ္စမျိုး အရင်တုန်းက ဒီလို ကတိပေးတယ် ဆိုရင် တစ်ခါတည်း အထောက်အထားနဲ့ တစ်ခါတည်း ပြောတယ်ဆိုရင် တစ်ခါတည်း ဆုံးဖြတ်လို့ ရတယ်။ အထောက်အထားကို မဖော်ပြဘဲ ရည်ညွှန်းချက် ဖော်ပြတဲ့အခါကျတော့ ဟိုက ပြောတယ်လေ ပြည်နယ်က ဖြေတဲ့အတိုင်း ဖြေရတာပါ။ ပြည်နယ်အစိုးရရဲ့ သဘောတူညီမှု အများကြီးလိုအပ်တယ်။ ပြည်နယ်မှာ လုပ်တဲ့ကိစ္စတွေက၊ ဒီကချည်းပဲ ဇွတ်သွားလုပ်ဖို့အတွက် ဥပမာ ဟိုသင်တန်းသား တက်မယ့်သူ ဘယ်နှစ်ယောက်ရှိသလဲ Economy ဖြစ်သလား၊ အမှန်တကယ် လိုသလား၊ ဒေသအစိုးရ ပိုသိတာပေါ့။ ဒေသလွှတ်တော်က ပိုသိတာပေါ့။ ဟုတ်ပြီနော်။ ခေါင်းကတော့ သိပ်တော့ မညိတ်ချင် ဘူး။ ဒါပေမဲ့ ဥက္ကဋ္ဌကို အားနာတာနဲ့ ညိတ်လိုက်ရတဲ့ သဘာမျိုး ဖြစ်နေပြီ။

**နေလှန်းဆား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်နေကြသော ဆားတောင်သူများအတွက် လုပ်ဧက(လိုင်စင် ဧက) အလိုက် ဆားလုပ်ငန်း ချေးငွေထုတ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦး က နေလှန်းဆား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင် နေကြသော ဆားတောင်သူများအတွက် လုပ်ဧက(လိုင်စင် ဧက) အလိုက် ဆားလုပ်ငန်း ချေးငွေထုတ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပြည်ထောင်စု ဒုတိယဝန်ကြီးများနဲ့ အစည်းအဝေးကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ ဒေသခံဆားတောင်သူများနှင့် ဆားလုပ်ငန်းအပေါ် မှီခိုနေကြတဲ့ ဆားလုပ်သားများရဲ့ ကိုယ်စား နယ်မြေရဲ့ အခြေအနေများကို၊ လုပ်ငန်းရဲ့ အခြေအနေများကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာ နေလှန်းဆား ထုတ်လုပ်မှုလုပ်ငန်းကို မြို့နယ် (၃)မြို့နယ်မှာ ယခင်ကတော့ ဆားတိုက်နယ်(၁၁)နယ် ဖွဲ့စည်းထားပြီး ဆားတောင်သူ (၈၀၃)ဦးကနေပြီးတော့ ဆားလယ်မြေ (၃၀၃၇၇)ဧကမှာ နေလှန်းဆား ထုတ်လုပ်ခဲ့ကြပါတယ်။ အဲဒီအချိန်တုန်းကတော့ ကျွန်တော်တို့ ဆားထုတ်လုပ်မှု လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ လုပ်ငန်းအနေနဲ့ ကောင်းမွန်တယ်လို့ ကျွန်တော်တို့ ပြောဆိုရမှာ ဖြစ်ပါတယ်။ သို့သော်လည်း လုပ်ငန်းများဟာ တစ်ဆထက်တစ်ဆ တစ်နှစ်ထက် တစ်နှစ် အခက်အခဲ အကြပ်အတည်းတွေနဲ့ တွေ့လာခဲ့တဲ့အခါမှာ ပြီးခဲ့တဲ့ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဆားလုပ်ငန်း ရာသီမှာတော့ ဆားတောင်သူ (၃၅၂)ဦးနဲ့ ဆားလယ်မြေ (၁၄၃၆၂)ဧကသာ လုပ်ကိုင်နိုင်တဲ့ အခြေအနေထိပဲ ကျွန်တော်တို့ ရောက်ရှိနေပါတယ်။ အရင်းအနှီးချို့တဲ့မှုနဲ့ အခက်အခဲမျိုးစုံကြောင့် တစ်နှစ်ထက်တစ်နှစ် ဆားလုပ်ငန်း လုပ်ကိုင်နိုင်သူ လျော့နည်းလာခြင်း ဖြစ်ပါတယ်။ အခြားလုပ်ငန်းကို ပြောင်းပြီးတော့ လုပ်ကိုင်ဖို့ဆိုတာမှာလည်း ဆားတောင်သူများအနေနဲ့ရော ဆားလုပ်သားများအနေနဲ့ရော လုပ်ငန်းကျွမ်းကျင်မှုနဲ့ အရင်းအနှီးမရှိတာကြောင့် ပြောင်းချင်တိုင်း ပြောင်းလို့မရတဲ့ အခြေအနေပဲ ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ဆားတောင်သူများနဲ့ ဆားလုပ်သားများရဲ့ဘဝကို ကူညီ စောင့်ရှောက်သောအားဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ သတ္တုတွင်းဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး အစိုးရ အဖွဲ့တို့ ပူးပေါင်းပြီး ကျွန်တော်တို့ ဒေသမှာရှိတဲ့ ဆားတောင်သူတွေနဲ့ ဆားလုပ်သားတွေရဲ့ဘဝ ရေရှည်ရပ်တည်ပြီးတော့ လုပ်ငန်း လုပ်နိုင်ရေးအတွက် ကူညီစောင့်ရှောက်ဖို့အတွက် ကျွန်တော့်အနေနဲ့ တင်ပြတာပါ။ ဒီလိုတင်ပြတယ်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ လုပ်ငန်းလုပ်ဖို့အတွက် အရင်းအနှီးကို ဘဏ်ချေးငွေတစ်ရပ်ရပ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့အတွက် တင်ပြလိုပါတယ်။

ယခင်တုန်းကတော့ ဆားထုတ်လုပ်ငန်းနဲ့ပတ်သက်ပြီး ၂၀၀၈ မှာလည်း နိုင်ငံတော်အစိုးရ အနေနဲ့ အကူအညီ အစောင့်အရှောက်တွေ ပေးခဲ့ဖူးပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနကလည်း ကျွန်တော်တို့ကို အကူအညီတွေ ပေးခဲ့ဖူးပါတယ်။ သို့သော်လည်း အခြေအနေရဲ့ ဖန်တီးမှုကြောင့် ဆားတောင်သူများနဲ့ ဆားလုပ်သားများဟာ တစ်စထက် တစ်စ ကြပ်တည်းလာပြီးတော့ လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း မရှိတော့ဘဲ အခက်အခဲမျိုးစုံနဲ့ ကျွန်တော်တို့ တွေ့ကြုံနေရတာ ဖြစ်ပါတယ်။ ယခင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကတစ်ဆင့် ဆားလုပ်ငန်း ချေးငွေတွေကိုလည်း ကျွန်တော်တို့ ၂၀၀၈ ခုနှစ် မတိုင်မီကာလအထိ ကျွန်တော်တို့ ချေးပေးခဲ့ဖူးပါတယ်။ ဆားတောင်သူတွေမှာတော့

ပိုင်ဆိုင်တာဆိုလို့ ဆားလယ်ကွင်းတွေနဲ့ လုပ်ကွက်ကိုရိယာများ၊ ဆားလယ်ကွင်းတွေအတွက် လုပ်ကိုင်ခွင့် လက်မှတ် ယခင်တုန်းကတော့ လန (၃၉)၊ ယခု လန (၃၀) ဆိုတဲ့ အထောက်အထားလေးတော့ ကျွန်တော်တို့ ရှိပါတယ်။ ဒါကြောင့်မို့လို့ သင့်တော်တဲ့ နည်းလမ်းတစ်ခုခုနဲ့ ဘဏ်တွေရဲ့ ဆုံးရှုံးနိုင်ချေ အနည်းဆုံး နည်းလမ်းတစ်ရပ်ရပ်နဲ့ ချေးငွေထုတ်ပေးမှု အစီအစဉ် တစ်ရပ်ရပ်ကို ဆားထုတ်လုပ်ငန်း ချေးငွေအတွက် ပေးမယ်ဆိုရင် ဆားတောင်သူတွေအနေနဲ့ ကျွန်တော်တို့ သတ်မှတ်တဲ့ စည်းကမ်းများကို လိုက်နာပြီးတော့ ဆောင်ရွက်မည်ဖြစ်ကြောင်း ကျွန်တော့်ကို တင်ပြလာကြပါတယ်။ ဒီလို ဆားလုပ်ငန်း ချေးငွေတွေ ရပြီး ဆားလုပ်ငန်းကို ပြန်လည်လုပ်ကိုင်နိုင်မယ်ဆိုရင် ဆားလုပ်ငန်း လုပ်ကိုင်ရာဒေသမှာ ရှိတဲ့ ကျေးလက်နေပြည်သူများအတွက် ဆင်းရဲမှု လျှော့ချနိုင်မှာ ဖြစ်သလို ကျေးလက်ဒေသတွေကလည်း ကျွန်တော်တို့ ပိုမိုဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မြေမှာ ပါဝင်တဲ့ လပွတ္တာမြို့နယ်က အရင်တုန်းက လပွတ္တာမြို့နယ်ရဲ့ ဒီနေ့ အစိတ်အပိုင်းတင် မကပါဘူး။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ တုန်းကဆိုရင် ငပုတောမြို့နယ်ရဲ့ ဟိုင်းကြီးကျွန်းကျေးရွာ (၂၂)အုပ်စုနဲ့ အလယ်ကျွန်း ကျေးရွာ (၁၆)အုပ်စု စုစုပေါင်း (၃၈) အုပ်စုကလည်း ကျွန်တော့် မဲဆန္ဒနယ်ထဲမှာ ပါဝင်ခဲ့ပါတယ်။ အခုတော့ ဖွဲ့စည်းပုံအရ ငပုတောမြို့နယ်ကို ပြန်လည်ရောက်ရှိသွားတာ ဖြစ်ပေမယ့် မဲဆန္ဒနယ် မြေအတွင်းမှာရှိတဲ့ ပြည်သူတွေရဲ့ အခက်အခဲ ဒုက္ခသုက္ခတွေကိုလည်း ကျွန်တော့်အနေနဲ့ တင်ပြဖို့ တာဝန်ရှိတာ ဖြစ်တဲ့အတွက် ငပုတော မြို့နယ် နဲ့ လပွတ္တာမြို့နယ်မှာရှိတဲ့ ဆားတောင်သူတွေနဲ့ ဆားလုပ်ငန်းကို မှီခိုနေထိုင် လုပ်ကိုင်ကြတဲ့ လုပ်သားတွေ ကျေးရွာသူ/ကျေးရွာသား တွေအတွက် ကျွန်တော့်အနေနဲ့ တင်ပြရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နေလှန်းဆား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်နေကြသော ဆားတောင်သူများအတွက် လုပ်ဧက လိုင်စင်ဧကအလိုက် ဆားလုပ်ငန်းချေးငွေ ထုတ်ချေးပေးနိုင်ခြင်း ရှိ/မရှိနဲ့ပတ်သက်ပြီးတော့ အောက်ပါ မေးခွန်းများကို တင်ပြမေးမြန်းလိုပါတယ်။ (၁)အနေနဲ့ကတော့ ဆားလုပ်ငန်းချေးငွေ ထုတ်ချေးပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါတယ်။ (၂) အနေနဲ့ကတော့ အကယ်၍ ဆားလုပ်ငန်းချေးငွေ ထုတ်ချေးပေးနိုင်ခြင်း မရှိပါက မည်သည့် အခက်အခဲကြောင့် ဆားလုပ်ငန်းချေးငွေ ထုတ်ချေးပေးနိုင်ခြင်း မရှိကြောင်း သိရှိလိုပါတယ်။ (၃) အနေနဲ့ဆားလုပ်ငန်းချေးငွေထုတ်ချေးပေးနိုင်ခြင်းရှိပါကလည်း မည်သည့်အချိန်မှာ မည်ကဲ့သို့စီမံ ဆောင်ရွက်ပေးမယ်ဆိုတဲ့ အစီအစဉ်များကို ဒေသခံဆားတောင်သူများနဲ့ ဆားလုပ်ငန်း အပေါ် မှီခိုပြီးတော့ အသက်မွေးဝမ်းကျောင်းပြုကြတဲ့ ကျေးလက်နေပြည်သူများရဲ့ ဆန္ဒနဲ့ မျှော်လင့်ချက် တို့အရ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည် တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သတ္တုတွင်း

ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဦး ရဲ့ နေလှန်းဆား ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်နေကြသော ဆားတောင်သူများအတွက် လုပ်ဧက (လိုင်စင်ဧက)အလိုက် ဆားလုပ်ငန်း ချေးငွေထုတ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်က ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦးရဲ့ မေးခွန်းဟာ ဆားတောင်သူများအတွက် အခက်အခဲဖြစ်နေကြတဲ့ ၎င်းတို့ရဲ့စားဝတ်နေရေးကိစ္စရပ်များကို မေးမြန်းသွား တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီမေးမြန်းတဲ့မေးခွန်းဟာ အင်မတန်မှ ဆီလျော်တဲ့၊ သင့်မြတ်တဲ့ မေးခွန်းဖြစ်တဲ့အကြောင်းလည်း ကျွန်တော် တင်ပြလိုပါတယ်။ ဒီဆားတောင်သူများရဲ့ ဆောင်ရွက်မှုများ နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ဆားထုတ်လုပ်တဲ့ ဒေသတွေနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်မျှ အကျဉ်းရှင်းလင်းတင်ပြပါရစေ။

မြန်မာနိုင်ငံမှာ နေလှန်းဆား အဓိက ထုတ်လုပ်နေတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်(၃)ခု ရှိပါတယ်ခင်ဗျား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မွန်ပြည်နယ်မှာ (၂၄၈၄)ဧက လုပ်ကိုင်ခဲ့ပြီး ဆားကြမ်း တန်ချိန်(၂၁၉၂၅) တန်၊ ရခိုင်ပြည်နယ်မှာ (၁၂၈၇)ဧက လုပ်ကိုင်ခဲ့ပြီး ဆားကြမ်း တန်ချိန်(၄၇၂၇၀)တန် ဧရာဝတီတိုင်းဒေသကြီးမှာ (၁၄၃၆၂) ဧက လုပ်ကိုင်ခဲ့ပြီးဆားကြမ်း တန်ချိန် (၁၂၅၃၃၄) တန် အသီးသီး ထုတ်လုပ်ခဲ့ကြပါတယ်ခင်ဗျား။

သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ ဆားလုပ်ငန်းများကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးထားပြီးဖြစ်ပါတယ်။ ဆားတောင်သူများအား ချေးငွေ ထုတ်ပေးခြင်းသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ အစီအစဉ်နဲ့သာ ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ အနေနဲ့လည်း ဒီကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရှိရပါတယ်ခင်ဗျား။

ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆားတောင်သူများ မတည် ရင်းနှီးနိုင်ရေးအတွက်ကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ဆောင်ရွက်ပေးမှုအခြေအနေ များကိုလည်း ဆက်လက်ဖြေကြားခွင့်ပြုပါခင်ဗျား။ မွန်ပြည်နယ်မှ ဆားတောင်သူများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိအောင် မွန်ပြည်နယ် ဆားလုပ်ငန်းရှင်များ အသင်းရဲ့ တင်ပြချက်အရ ပြည်နယ်အစိုးရအဖွဲ့က ၎င်းတို့ရဲ့အစီအစဉ်နဲ့ နေလှန်းဆားကြမ်းတစ်ဧကလျှင် (၅) သောင်းကျပ်နှုန်းနဲ့တစ်နှစ်လျှင် ကျပ်သိန်း (၅၀၀) မတည် ထုတ်ချေးခဲ့ကြောင်း သိရှိရပါတယ်ခင်ဗျား။ အလားတူပဲ ရခိုင်ပြည်နယ်မှ ဆားတောင်သူများကိုလည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရွှေအဏ္ဏဝါ ဆားထုတ်လုပ်ရေးထုတ်လုပ်သူများအသင်းကို ငွေကျပ်သိန်း(၂၀၀)ကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တက်နေဝန်းဆားတောင်သူများအသင်းကို ငွေကျပ် (၃၂၉) သိန်းကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အစိုးရ အစီအစဉ်နဲ့ ထုတ်ချေးပေးခဲ့သည့်အပြင် ဆားတောင်သူများအား နေလှန်းဆားကြမ်း ထွက်ရှိမှုအပေါ်မှာမူတည်ပြီး တစ်ပိဿာလျှင် (၅)ကျပ်နှုန်းဖြင့် ရခိုင်ပြည်နယ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ် သိန်း(၅၀၀)ကို ထပ်မံထုတ်ချေးပေးခဲ့ကြောင်း သိရပါတယ်။ ၂၀၁၄-၂၀၁၅

ဘဏ္ဍာရေးနှစ်မှာလည်း ဆားကောင်းဆားသန့်များ ရရှိရေးအတွက်ကို ပလတ်စတစ်ခင်း နေလှန်းဆား ထုတ်လုပ်နိုင်ဖို့အတွက် ဆားတောင်သူများကို ပလတ်စတစ်တစ်လိပ်လျှင် (၆) သောင်းကျပ်နှုန်းနဲ့ (၅၀၀) လိပ်အတွက် ငွေကျပ်သိန်း(၃၀၀)ကို ပလတ်စတစ်ဖိုး ထုတ်ချေးပေးရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီစဥ်လျက် ရှိကြောင်း သိရှိရပါတယ်ခင်ဗျား။

ဧရာဝတီတိုင်းဒေသကြီးမှာ ဆားလုပ်ငန်းချေးငွေကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်များမှာ ဆားပိဿာ (၅၀၀၀)နှင့် အထက် ထုတ်လုပ်သူများကို ဆားထွက်ရှိမှုရဲ့ (၅၀) ရာခိုင်နှုန်းအတွက် တစ်ပိဿာမှာ (၃)ကျပ်နှုန်း ဖြင့်လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ တစ်ပိဿာမှာ (၅)ကျပ်နှုန်းနဲ့ လည်းကောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးပေးခဲ့ပါတယ် ခင်ဗျား။ ချေးယူသူများအနေနဲ့ မြန်မာ့ဆားလုပ်ငန်းမှ ထောက်ခံချက်ပေးသူ၊ ချေးငွေအတွက် ခိုင်လုံသော ပစ္စည်းအာမခံ သို့မဟုတ် လန(၃၉) မူရင်းတို့ကို အာမခံအဖြစ်တင်ပြရပါတယ်ခင်ဗျား။ ဆားပေါ်တဲ့အချိန်မှာ ကျသင့်အတိုးနှင့်တကွ ပြန်လည်ပေးဆပ်ရပါတယ်။ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ နာဂစ် မုန်တိုင်းဒဏ် ခံနေရတဲ့ ဆားတောင်သူ(၁၅)ဦးအတွက် အရင်းငွေ (၉၆၂၅၀၀၀) ကျပ်နှင့် အတိုးငွေ (၈၆၀၁၅၃၂) ကျပ် တို့ကိုလည်း စာရင်းမှ ပယ်ဖျက်ပေးခဲ့ရပြီး ဖြစ်ပါတယ်ခင်ဗျား။

၂၀၀၈ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးမှာ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးတဲ့နောက် နာဂစ်မုန်တိုင်းဒဏ်သင့် ဆားလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ၉-၉-၂၀၀၈ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အစည်းအဝေးက သဘောတူညီချက်နဲ့ ဆားတောင်သူ (၇၅၉)ဦးကို ပုဂ္ဂလိကဘဏ် (၅)ဘဏ်ကနေပြီး ချေးငွေကျပ်သန်းပေါင်း(၇၃၉၀) သန်းကို (၂)နှစ်ဆိုင်းစနစ်နဲ့ ထုတ်ချေးပေးခဲ့ပါတယ်။ အဲဒီလိုထုတ်ချေးပေးခဲ့တဲ့အပြင် လုပ်ငန်းသုံးပစ္စည်းများအဖြစ်နဲ့ ဒီဇယ်ဆီ (၄၂၉၉၇) ဂါလန်၊ သစ် (၅၃၃)တန်၊ ထွန်စက်ကြီး (၁၉၀)စီး၊ လယ်ယာ (၂၂) လက်တွန်းထွန်စက် (၃၉၂) စီး၊ ရေစုပ်စက် (၈၃၃)လုံးကိုလည်း (၂)နှစ်ဆိုင်း စနစ်နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများက ရောင်းချပေးခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ဆားလုပ်ငန်းများကို ပြန်လည်ထူထောင်စေခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။

ဆားတောင်သူများအနေနဲ့ အထက်ဖော်ပြပါ ချေးငွေများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပြန်လည်ပေးဆပ်ရန် အခက်အခဲရှိလာတဲ့အတွက်ကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂-၈-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၄၀၃/၃၅၆-စစ်ဆေး-၁-၁၅/အဖရ(၂၀၁၃) နဲ့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ဦးဆောင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းစစ်ဆေးစေခဲ့ပါတယ်ခင်ဗျား။ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ အစီရင်ခံစာအရ ဆားတောင်သူများရဲ့ပေးဆပ်ရန်ကျန် ချေးငွေများအား နိုင်ငံတော်မှ (၆၆)ရာခိုင်နှုန်း၊ ဆားတောင်သူများမှ (၃၄)ရာခိုင်နှုန်း ပေးဆပ်ရန် အစီအမံအရ အရင်း/အတိုး စုစုပေါင်းကျပ်သန်းပေါင်း (၇၃၄၈.၁၉)သန်းကို နိုင်ငံတော်မှ စိုက်ထုတ်ပေးဆပ်ခဲ့ပါတယ်ခင်ဗျား။ ဆားတောင်သူ (၁၄၀)ဦးကတော့ ကမ္ဘောဇဘဏ်ကို ငွေကျပ် (၈၉.၈၃၁) သန်း ပေးဆပ်ဖို့ ကျန်ရှိနေသေးပါတယ်။

ဝန်ကြီးဌာနများက ရောင်းချပေးခဲ့တဲ့ လုပ်ငန်းသုံး ပစ္စည်းများနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ (၁၇-၁၀-၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၂၀၇၅/၃၀၈-ဆားလုပ်ငန်း ၁-၁၅/အဖရ (၂၀၁၃) ဖြင့် စာရင်းမှပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ သဘောထားမှတ်ချက် တောင်းခံပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန် လမ်းညွှန်ခဲ့ပါတယ်ခင်ဗျား။

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ လာဆပ်ပြီးဖြစ်ပါက နာဂစ်မုန်တိုင်း ဒဏ်သင့်ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရန် ချေးငွေအကြွေးများပေးဆပ်ပြီးဖြစ်ပါက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ချေးငွေများ ထုတ်ပေးနိုင်မယ့် ဝန်ကြီးဌာနများနဲ့ ဘဏ်များကို ချေးငွေများရရှိရေး ဆက်စပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အသက်(၁၂၀)နှစ်မျှ အသက်ရှည်ကြသည့် နိုင်ငံသား အဖိုး/အဖွားများအား အထူးပြုစုစောင့်ရှောက်မှုကို ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင် က အသက်(၁၂၀)နှစ်မျှ အသက်ရှည်ကြသည့် နိုင်ငံသားအဘိုး/အဘွားများအား အထူးပြုစုစောင့်ရှောက်မှုကို ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးနှင့် လေ့လာသူများခင်ဗျား၊ အားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းချင်တဲ့ မေးခွန်းကတော့ ကျွန်တော်တို့နိုင်ငံမှာ အသက်(၁၂၀)နှစ်မျှ အသက်ရှည်တဲ့ နိုင်ငံသားအဘိုး၊ အဘွားများကို အထူးပြုစုစောင့်ရှောက်မှုပေးမယ့် အစီအစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရခြင်းကလည်း မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပေါက်ချိုင်ကုန်းကျေးရွာမှာနေထိုင်တဲ့ ဒေါ်မြကြည်အမည်ရှိတဲ့ နိုင်ငံသားတစ်ဦးဟာ အခု လာမည့်သီတင်းကျွတ်လမှာ အသက် (၁၂၂)နှစ် ပြည့်တော့မှာဖြစ်ပြီး ကျန်းမာလျက်ရှိကြောင်း သတင်းကိုဖတ်ရှုရတဲ့အတွက် လွန်စွာပဲ ဝမ်းသာကြည်နူးမှု ဖြစ်ရပါတယ်။ ဆက်စပ်ပြီးတော့ တခြားနိုင်ငံတွေမှာ ထူးထူးခြားခြားအသက်ရှည်တဲ့ ဘိုးဘိုး၊ ဘွားဘွားတွေရဲ့ မွေးနေ့ပွဲ၊ ဆုတောင်းပွဲတွေ ကျင်းပကြပြီးတော့ ကမ္ဘာ့အသက်အကြီးဆုံး အဘိုး၊ အဘွားအဖြစ် ဂရင်းနစ်မှတ်တမ်း ဝင်နိုင်အောင် ဆောင်ရွက်ကြတဲ့သတင်းတွေ ဖတ်ရှုရတဲ့အခါ ကျွန်တော်တို့နိုင်ငံကလည်းအလေးထားပြီးတော့ စီမံဆောင်ရွက်သွားသင့်တယ်လို့ ထင်မြင်ယူဆတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဖတ်ရှုမိသလောက် အခြားနိုင်ငံတွေမှာ အသက် (၁၂၂)နှစ်အရွယ် အဘိုး၊ အဘွား ရှိတဲ့သတင်းတော့ မတွေ့မိသေးပါဘူး။ ထူးထူးခြားခြား အသက်ရှည်ခြင်းဟာ လူရဲ့စိတ်ထားကောင်းခြင်း၊ အကျင့်ကောင်းခြင်း၊ ပတ်ဝန်းကျင်နေရာဒေသကောင်းခြင်း စတဲ့ ဂုဏ်ဒြပ်များ ထင်ဟပ်လျက်ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံမှာ ဘွားဘွားဒေါ်မြကြည်ကဲ့သို့ အသက်ရှည်တဲ့ နိုင်ငံသားရှိနေခြင်းကို ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ (က)မှာ နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သား

များ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမယ်လို့ ပြဋ္ဌာန်းထားတဲ့အလျောက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြည့်ရှုစောင့်ရှောက် ဆောင်ရွက်လျက် ရှိကြောင်းလည်း တွေ့ရှိရပါတယ်။

အိုမင်းမစွမ်းသူများအတွက် ဘိုးဘွားရိပ်သာတွေ၊ လူအိုရုံတွေ ဖွင့်လှစ်ထားရှိခြင်းနဲ့ သက်ကြီး ပူဇော်ပွဲများ ကျင်းပခြင်းကို တွေ့ရှိရသော်လည်း အသက်(၁၂၀)လောက်ရှည်တဲ့ ဘိုးဘွားကြီးတွေ အတွက် သီးခြားစီမံ ဆောင်ရွက်ပေးတာတော့ မတွေ့ရှိရသေးပါဘူး။

သက်ကြီးပူဇော်ပွဲကို အသက်(၇၀)ကျော်၊ အသက်(၇၅)နှစ်ကျော် စသည်ဖြင့် သတ်မှတ် ဖိတ်ကြားပြီး ပူဇော်ကန်တော့ကြပေမယ့် ဒေါ်မြကြည်လိုအသက် (၁၂၀)ကျော်ဘိုးဘွားကြီးတွေကို အလေးထားပြီး ထူးထူးခြားခြား ပူဇော်ကန်တော့ကြတဲ့ သတင်းတွေကို ကျွန်တော် သိပ်ပြီးတော့ မတွေ့ရှိရ ပါဘူး။ ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ဓလေ့အရ အမြတ်တနိုးဆုတောင်းပေးလေ့ရှိကြတဲ့ အသက် (၁၂၀) ရှည်ပါစေဆိုတဲ့ ဆုတောင်းစကားအဓိပ္ပာယ်မဲ့နေသလိုဖြစ်နေပါတယ်။ နိုင်ငံတော်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် အသက်(၁၂၀)ပြည့်တော့မယ့် ဘိုးဘွားတွေရဲ့ စာရင်းကို အလွယ်တကူရရှိနိုင်မှာဖြစ်ပါတယ်။ အသက်(၁၁၈)နှစ်လောက် ပြည့်တဲ့အချိန်ကစပြီး နိုင်ငံတော်ရဲ့ အထူးပြုစုစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းအားဖြင့် အသက်(၁၂၀) ပြည့်မြောက်စေရန် အထောက် အကူပေးနိုင်မှာဖြစ်ပါတယ်။ အသက်(၁၂၀)ပြည့်သွားရင်လည်း ဆက်လက်ပြီးတော့ ပြုစုစောင့်ရှောက် ပေးသွားမယ်ဆိုရင် အသက်(၁၂၅)နှစ်၊ အသက်(၁၃၀) စသည်ဖြင့် တိုး၍တိုး၍ အသက်ရှည်ပြီးတော့ ဘိုးဘိုးဘွားဘွားကြီးတွေ အေးချမ်းစွာနဲ့ နေထိုင်သွားနိုင်မှာ ဖြစ်ပါတယ်။

အဲဒီလိုအသက်(၁၁၈)နှစ်လောက် ကစပြီးတော့ ဘိုးဘွားကြီးတွေကို ပြုစုစောင့်ရှောက်ရတာ လည်း အရေအတွက်အနည်းငယ်မျှသာ ရှိနိုင်တဲ့အတွက် နိုင်ငံတော်အနေနဲ့ဝန်ထုပ်ဝန်ပိုးကြီး မဖြစ်နိုင်တဲ့ အပြင် အသက်ရှည်တဲ့ဘိုးဘွားကြီးတွေဆီကနေပြီးတော့ အဘိုးတန်တဲ့သုတေသနဆိုင်ရာ အချက်အလက် တွေ၊ နမူနာယူစရာဗဟုသုတတွေ ရရှိနိုင်တဲ့အပြင် လူအများရဲ့လေ့လာစရာနေရာ ဖြစ်လာနိုင်ခြင်းကြောင့် အကျိုးကျေးဇူးပို၍ပင် များပြားနိုင်ပါတယ်။ နိုင်ငံတော်အနေနဲ့အသက်ရှည်တဲ့နိုင်ငံသားများအတွက် ဂုဏ်ယူဝံ့ထည်နိုင်မည်ဖြစ်ပါတယ်။ ကာယကံရှင်တွေရဲ့ဆန္ဒအရ ဘိုးဘွားတို့ကို မူလနေအိမ်မှာပင် နေထိုင်စေခြင်း သို့မဟုတ် သီးသန့်ရိပ်သာတွင်နေထိုင်စေခြင်းကို ဆုံးဖြတ်ရမည်ဖြစ်ပြီး လတ်တလောအား ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုကတာဝန်ယူပြီးတော့ စီစဥ်ဆောင်ရွက်ပေးနိုင်မယ်လို့ ယူဆပါတယ်။

နိဂုံးချုပ်အားဖြင့် အဲဒါကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီးက ဘွားဘွားဒေါ်မြကြည်ကဲ့သို့ အသက်(၁၂၀)နှစ်မျှ ထူးထူးခြားခြားအသက်ရှည်တဲ့ မိမိတို့နိုင်ငံသားအဘိုး၊ အဘွားများကို နိုင်ငံတော် ရဲ့အစီအစဉ် နဲ့ ပိုမိုကောင်းမွန်တဲ့ အထူးပြုစုစောင့်ရှောက်မှုကို ပေးသွားမယ့်အစီအစဉ် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၂။**

**ဒေါ်စုစုလှိုင်၊ (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနောင် မေးမြန်းထားရှိတဲ့ အသက်(၁၂၀)နှစ်မျှ အသက်ရှည်သည့် နိုင်ငံသားအဘိုး၊ အဘွားများကို အထူးပြုစုစောင့်ရှောက်မှု ပေးသွားမည့် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် ပြန်လည် ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရိပ်သာအခြေပြုလုပ်ငန်းအဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားတဲ့ ဘိုးဘွားရိပ်သာများကို နည်းပညာနှင့် နှစ်စဉ် ထောက်ပံ့ကြေးများ ပေးအပ်လျက် ရှိပါတယ်။ ဘိုးဘွားရိပ်သာများမှာရှိတဲ့ စောင့်ရှောက်ခံဘိုးဘွားများမှာ အသက်(၇၀)နှစ်နှင့်အထက် ဘိုးဘွားများဖြစ်ကြပါတယ်။ ဒါ့အပြင် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကိုလည်း ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး အသက်(၇၀)နှင့်အထက် သက်ကြီးရွယ်အိုများကို စောင့်ရှောက်ပေးလျက်ရှိပါတယ်။

နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များမှာ အခမ်းအနားများ ကျင်းပလျက်ရှိပါတယ်။ နေပြည်တော်တွင် ကျင်းပပြုလုပ်တဲ့အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားတွင် အသက်အကြီးဆုံး အဘိုး(၁)ဦးနဲ့ အဘွား(၁)ဦးတို့ကို ဂုဏ်ပြုခံ ဘိုးဘွားအဖြစ် သတ်မှတ်ကာ နှစ်စဉ် ငွေကျပ်(၃)သိန်း စီ ထောက်ပံ့ပေးလျက်ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်မှာနေထိုင်တဲ့ အဘွားဒေါ်မြကြည်အား ၂၀၁၇ ခုနှစ်မှစပြီးတော့ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများ အခမ်းအနားများနေ့တွင် အသက်အကြီးဆုံး အဘွားအဖြစ်နှစ်စဉ် ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး ၂၀၁၄ခုနှစ်တွင်လည်း အသက်အကြီးဆုံးအဖြစ် ထောက်ပံ့ပေးသွားရန် လျာထားပြီးဖြစ်ပါတယ်ရှင်။ ယခုလာမယ့် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျင်းပမယ့် အပြည်ပြည်ဆိုင်ရာ သက်ကြီး ရွယ်အိုများနေ့အခမ်းအနားတွင်လည်း အသက်အကြီးဆုံးအဘိုး(၁)ဦးနဲ့ အဘွား(၁)ဦးတို့ကို ကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့် ငွေကျပ်(၅)သိန်း နှင့် Host International မှ ငွေကျပ် (၅) သိန်း၊ စုစုပေါင်း (၁၀)သိန်း ချီးမြှင့်သွားရန် အစီအစဉ် ရှိပါကြောင်းလည်း ကြိုတင်အသိပေးအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် အခါအားလျော်စွာ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆေးဝါးပစ္စည်းများထောက်ပံ့ပေးလျက် ရှိပြီး အသက်(၁၂၀)နှစ်မျှ အသက်ရှည်တဲ့ နိုင်ငံသားအဘိုးအဘွားများကို အထူးပြုစုစောင့်ရှောက်မှု

ပေးသွားမည့် သီးခြားအစီအစဉ် လောလောဆယ်တွင် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ တကယ်တော့အသက်(၁၂၀) မဟုတ်ပါဘူး။ အသက်(၁၀၀) ဆိုရင်ကို ဂုဏ်ပြုခံထိုက်တဲ့နိုင်ငံသား ဖြစ်သင့်ပါတယ်။ နာရေးကြော်ငြာကြည့်လို့ရှိရင် (၉၈)လောက်အထိပဲ အကြီးဆုံးတွေ့တာပေါ့နော်။ သို့သော်လည်း မွေးနေ့သက္ကရာဇ်ပြောပါဆိုတဲ့အခါကျတော့ ရေကြီးတဲ့နှစ်ကတို့၊ မိုးခေါင်တဲ့နှစ်ကတို့ ဆိုတာမျိုးတွေက ပြီးခဲ့တဲ့ကာလမှာ ဖြစ်နိုင်တာပေါ့နော်။ ဒီထဲမှာ ဆရာဝန်ကြီးဖြစ်တဲ့ ဆရာကြီးဒေါက်တာမြဦးတို့များ သိမလားတော့မသိဘူး။ မွေးနေ့သက္ကရာဇ်များ မသိလို့ရှိရင် အသက် ဘယ်လောက်ရှိတယ် ဆိုတဲ့ဥစ္စာကို စစ်ဆေးတဲ့နည်းလမ်းပေါ့။ သိရင်လည်း၊ ရှိရင်လည်း နည်းနည်းလေး ရှင်းပြပေးပါ။

**အချိန်၊ ၁၁း၅၇။**

**ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၉)** ။ ။ မွေးသက္ကရာဇ်မရှိရင် မလွယ်ပါဘူး။ ဘာ DNA နဲ့မှလည်း စစ်လို့မရဘူးလို့ ကျွန်တော် ဒီလောက်ပဲ နားလည်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ စစ်လို့မရဘူးပေါ့နော်။

**ဒေါက်တာမြဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ ဟုတ်ကဲ့ပါ ခင်ဗျား။ အသက် (၂၀)တို့၊ (၃၀)တို့တော့ ရပါတယ်ခင်ဗျား။ (၁၃)နှစ်တို့၊ အရွယ်ရောက်တာတို့။ ဒီလိုတော့ စစ်လို့ရပြီးတော့ နှစ်တရာဆိုရင်တော့ ကာဗွန်နည်းနဲ့ စစ်တဲ့နည်းပဲရှိတာ။ သက်မဲ့ပစ္စည်းတွေစစ်တဲ့ဟာတော့ရှိတယ်။ သက်ရှိပစ္စည်းတော့ ကျွန်တော့်ရဲ့ဉာဏ်အရနဲ့တော့ မရှိသေးဘူးလို့ ကျွန်တော့် ယူဆပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲဒါတော့ ဦးဝင်းနောင် တော့ သိဖို့လိုတာပေါ့။ ဟုတ်တယ်မို့လား။ မွေးနေ့သက္ကရာဇ်ကို ဘယ်လိုလုပ်စစ်မလဲ။ အဲဒီတော့ မွေးနေ့သက္ကရာဇ်မှ မေးလို့မရရင်လည်း ပတ်ဝန်းကျင် သက်သေခံချက်ဆိုတာ ရှိတာပေါ့။ ဘယ်သူ၊ ဘယ်ဝါ ထိမှီတယ်။ ဘယ်လောက်ရှိပြီ ဒါ မှန်းဆလို့ရတယ်။ (၁၀၀)ကျော်တယ်လို့ မှန်းဆလို့ရရင်ကို နှစ်စဉ်အတည်ပြုပြီးတော့မှ ထုတ်ပြန်ကြေညာချင်တာပေါ့နော်။ (၁၀၀)ကျော် ဘယ်သူတွေ၊ ဘယ်သူတွေရှိတယ်ပေါ့နော်။ မြန်မာတစ်နိုင်ငံလုံး၊ တိုင်းရင်းသားအားလုံးထဲမှာ ဘိုးဘွားရိပ်သာ မရောက်ဘဲနဲ့ နယ်စွန်နယ်ဖျားမှာလည်း ရှိပါတယ်။ တိုင်းရင်းသားတွေကို ခုနက ဆေးဝါးကုသမှု medical cover မရသော်လည်း တကယ့်ကို ခုနက သန်သန်စွမ်းစွမ်း ကျန်းကျန်းမာမာပေါ့နော်။ တစ်ခါတည်း ဖျတ်ဖျတ်လတ်လတ်နဲ့ ကလေး ဘယ်နှစ်ယောက်ရှိလဲ အဖွားဆိုတော့ (၁၁)ယောက်လေ ဆိုတာမျိုးပေါ့နော်။ အေးဆေးပဲ (၁၁)ယောက်လောက်ကို မွေးထားတာများ။ အဲဒီလိုတွေ ကျန်းမာတဲ့၊ သန်စွမ်းတဲ့မိခင်တွေ တကယ့်ကို၊ နယ်စပ်ဒေသတွေမှာလည်း ရှိပါတယ်။ တိုင်းဒေသကြီးပြည်နယ်အလိုက် ဒါတွေကို စာရင်းပြုစုမယ်၊ ကောက်ခံမယ်၊ ဆရာဝန်နဲ့ အကဲဖြတ်မယ်ပေါ့။ အတိအကျတော့ ကာဗွန်နဲ့ သက်မဲ့ကို စစ်တာမျိုးတော့ စစ်လို့မရဘူးပေါ့။ အတိအကျတော့ မသိပါဘူး။

သို့သော်လည်း သက်မဲ့ပစ္စည်းကို (Carbon 14) နဲ့ စစ်လို့ရသလို တခြားနည်းနဲ့ စစ်လို့လည်း သက်တမ်းစစ်လို့ ရတာတွေ ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ရှေးဟောင်းပစ္စည်း အတုလုပ်တဲ့သူတွေက ဟိုတုန်းက ခေတ်တိုင်အဟောင်းတွေ၊ ဘုန်းကြီးကျောင်းတိုင် အဟောင်းတွေ အဲဒါတွေ လိုက်ဝယ်တယ်။ ဆွေးမြည့်နေတာတွေ လိုက်ဝယ်တယ်။ လိုက်ဝယ်ပြီးတော့ အရုပ်တွေထုတယ်။ ထုပြီးတော့မှ မြေကြီးထဲမှာမြှုပ်၊ ရွှံ့တွေသုတ်၊ ပြန်ရောင်း။ နိုင်ငံခြားသားတွေက ဝယ်သွား၊ ဟိုကျတော့ (Carbon 14) နဲ့စစ်တော့ သက်တမ်းကရှေးဟောင်းပဲ။ ဒါပေမဲ့ ရှေးတုန်းကတော့ ဒါဟာအရုပ်မဟုတ်ဘူး။ ရှေးတုန်းကတော့ တိုင်ဟောင်းတို့ ဘာတို့ပေါ့နော်။ အဲဒီတော့ သက်မဲ့ပစ္စည်းတော့ စစ်လို့ရတယ်။ သက်ရှိပစ္စည်း စစ်လို့မရတဲ့သဘောရှိတော့ ပြောတိုင်းတော့ ယုံလို့မရဘူး။ သို့သော်လည်း လုပ်သင့်တယ်။ ဒီမေးခွန်းက လုပ်သင့်တဲ့ကိစ္စပဲ။ အသက်(၁၂၀)မဟုတ်ဘူး၊ (၁၀၀)ကစပြီးတော့ (၁၀၀)ဆိုရင်ကို၊ သူက(၁၀၀)သက်တမ်းလို့ပြောတာကိုး၊ (၁၀၀)ပြည့်ပြီဆိုရင်ကို ဒါ ဂုဏ်ပြုခံ နိုင်ငံသားဖြစ်သင့်တာပေါ့။ ဒါကိုလည်း campaign တစ်ခုလို လုပ်မယ်ဆိုရင် နိုင်ငံ့ဂုဏ် တက်တာပေါ့။ သို့သော်လည်း နိုင်ငံတော်က ကြေညာထားပြီးတော့မှ သိပ္ပံနည်းကျစစ်လို့ရတဲ့ တိုင်းပြည်က လာစစ်ဆေးပြီးတော့မှ မဟုတ်ပါဘူးလို့ ပြောတော့လည်း ဒါရှက်စရာကြီး ဖြစ်သွားမှာပေါ့နော်။ ကောင်းပါပြီ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၁:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁:၀၀ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၁၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁:၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား

အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် အခုတင်ပြမယ့် ဥပဒေကတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ သက်ဆိုင်တဲ့ ဥပဒေဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်ချိန်တုန်းကတော့ ဒီရပ်ကွက်အုပ်ချုပ်ရေးမှူးကို ကျွန်တော်တို့ ရိုးရာအရတော့ သူကြီးလို့ အသိများခဲ့ကြပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၄၈ မှာ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာတော့ ရပ်တွေ၊ ရွာတွေ၊ ရပ်ရွာတွေမှာ သူကြီးရွေးပွဲတွေကို ကျင်းပခဲ့ပါတယ်။ ဒီလိုကျင်းပတဲ့ အခါမှာတော့ တစ်ရွာလုံးသိအောင်လို့ မောင်းထုပြီးတော့ ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တပ်မတော် အစိုးရတက်လာတဲ့ ၁၉၆၂ ကနေပြီးတော့ ဒီလိုဆင်းသွားတဲ့ ၂၀၁၁ ကြား နှစ်(၅၀)ကာလမှာတော့ ကျွန်တော်တို့ သူကြီးရွေးပွဲတွေ မကျင်းပနိုင်ပါဘူး။ ရပ်ရွာအုပ်ချုပ်ရေးအတွက် သူကြီးတွေကို အထက်အာဏာပိုင်အဖွဲ့အစည်း ကနေပြီး ခန့်အပ်တဲ့စနစ်ကိုပဲ ကျင့်သုံးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးကဏ္ဍမှာ နိုင်ငံတော်သမ္မတကြီးက အကြီးဆုံးဖြစ်ပြီးတော့ နိုင်ငံတော်တစ်ဝန်းလုံးနဲ့ ပတ်သက်လို့ အကြောင်းအရာ အသိဆုံးဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုပါပဲ၊ ရပ်ကွက်တစ်ခုရဲ့ အုပ်ချုပ်ရေးမှူး သူကြီးဟာ ဒီရပ်ရွာရဲ့ အကြောင်းကို အသိဆုံးဖြစ်ပါတယ်။ ရာထူးအရ အငယ်ဆုံးဖြစ်ပေမယ့် ဒီရပ်ရွာနဲ့ ပတ်သက်လို့ သူက အကြောင်းအသိဆုံးဖြစ်ပါတယ်။ နိုင်ငံကြီးတစ်ခုလုံး အေးချမ်းသာယာဖို့ အရေးကြီးသလို ဒီရပ်ရွာကြီးတစ်ခုလုံးရဲ့ အေးချမ်းသာယာရေးဟာလည်း အရေးကြီးပါတယ်။ ဒီအေးချမ်းသာယာရေး အတွက်က အဓိကအကျဆုံးကတော့ ရပ်ရွာအုပ်ချုပ်ရေးမှူးဖြစ်တဲ့ သူကြီးတွေပါပဲ။ ကျွန်တော်တို့ နိုင်ငံမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပြီးတဲ့နောက်ပိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၉ ထဲမှာ ပြဋ္ဌာန်းချက်အရ ရပ်ရွာအုပ်ချုပ်ရေးမှူးဥပဒေကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီပြဋ္ဌာန်းခဲ့တဲ့အပြင် ကျွန်တော်တို့ ရပ်ရွာအုပ်ချုပ်ရေးမှူးတွေ ရွေးချယ်တင်မြှောက်ပွဲတွေ ကျင်းပပြီးတော့ အခု ကျင့်သုံးနေတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဖြစ်ပေါ်လာတဲ့ ကျွန်တော်တို့ ဒီ၂၀၀၈ ရပ်ရွာအုပ်ချုပ်ရေးဥပဒေအရ ပေါ်ပေါက်လာတဲ့ ရပ်ရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ပတ်သက်လို့ အားနည်းချက်၊ အားသာချက်တွေကတော့ ရှိပါတယ်။ ဒီဥပမာအားဖြင့် ကျွန်တော်တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော့် မဲဆန္ဒနယ်မြေမှာ ရှိတဲ့ ရပ်ကွက်တစ်ခုမှာ ဒီအချိန်ထဲမှာပဲ၊ ဒီနှစ်ပိုင်းထဲမှာပဲ နိုင်ငံကျော် လူသတ်မှုတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒီလူသတ်မှုရဲ့ လူသတ်တရားခံကလည်း ဒီရပ်ရွာကသိတဲ့ ပွဲကြီးဆိုသူပါပဲ။ ဒီပွဲကြီးကလည်း ဒီရပ်ရွာကသိပါတယ်။ သူတို့အဖွဲ့ဟာဆိုလို့ရှိရင်၊ ရပ်ကွက်မှာဆိုလို့ရှိရင် လမ်းထိပ် သစ်ပင်အောက်မှာကို ဝိုင်းဖွဲ့ပြီး ပုလင်းထောင် သောက်စားနေလို့ရပါတယ်။ သောက်စားပြီးလို့ရှိရင် ရပ်ကွက်ထဲဝင်လာပြီးတော့ ထင်သလိုသွားလာနေတဲ့ သူတွေပါပဲ။ အဲဒီမှာ ကျွန်တော့်အသိ သမီးရှင်တစ်ယောက်ရဲ့ အမေက ဆိုလို့ရှိရင်၊ ကျွန်တော့်ကို ဘာပြောသလဲဆိုလို့ရှိရင် ဒီသူတို့အဖွဲ့ ရပ်ရွာထဲမှာ သွားလာနေလို့ရှိရင်တဲ့ သူ့သမီး အလုပ်ဆင်းတဲ့အချိန်နဲ့ တိုက်ဆိုင်နေလို့ရှိရင် သူ့သမီးကို လမ်းထိပ်ကနေပြီး သွားတောင်ကြိုရတယ်လို့ ပြောပါတယ်။

ဒါဟာဆိုလို့ရှိရင်ပေါ့နော်၊ ဒီရပ်ကွက်တစ်ခုမှာ ဒီလိုရပ်ကွက်မှာ ထင်သလို သောင်းကျန်းနေတာနဲ့ ပတ်သက်လို့ ရပ်ရွာတွေမှာ ဒီလိုဖြစ်ပျက်နေတာပါပဲ။ ဒီလူဟာ နောက်ပိုင်းမှာ ရုတ်တရက်လူသတ်မှုဖြစ်ပြီးတဲ့ နောက်ပိုင်းမှာတော့ သက်ဆိုင်ရာရဲတပ်ဖွဲ့ကနေပြီးတော့ တရားခံကို အချိန်မီဖမ်းဆီးပြီးတော့ တရားစွဲဆို တင်ပို့နိုင်ခဲ့ပါတယ်။ ဒီလိုဖြစ်ပေမယ့် ကျွန်တော်က အဲဒီ ရဲတပ်ဖွဲ့ဌာနကတာဝန်ရှိတဲ့ ပုဂ္ဂိုလ်ကို ကျွန်တော်တွေ့ပါတယ်။ ခင်ဗျားတို့ဗျာလို့၊ ဒီလိုဖြစ်ပြီးတဲ့အခါ ကျတော့ သတ်တဲ့သူရော၊ သေတဲ့သူရော အားလုံးနစ်နာပါတယ်။ ရပ်ရွာကလည်း တော်တော်နာသွားပါပြီ။ ပြောမယ်ဆိုလို့ရှိရင်၊ ကျွန်တော်တို့ ရန်ကုန်မြို့နယ်မှာဆိုလို့ရှိရင် အိမ်ခြံမြေဈေးတွေဆိုရင် တော်တော် မြင့်လာပါပြီ။ ဒီရပ်ကွက်က အဲဒီနေရာလည်း ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ အိမ်ခြံမြေပွဲစားတွေက ဒီရပ်ကွက်ကို မနေထိုင်သင့်တဲ့ ရပ်ကွက်၊ မနေအပ်တဲ့ ရပ်ကွက်ဆိုပြီးတော့ အိမ်ဈေး၊ ခြံဈေးကို တစ်ခါတည်းကို ဖြုတ်ချလိုက်ပါတယ်။ အဲဒီခေတ်က အဲဒီရပ်ကွက်မှာနေတဲ့ လူတွေကပြောတာက အပြင်ကနေပြီးတော့ တက္ကစီငှားပြီး ပြန်လာရင်တောင်မှ အဲဒီနေရာကို ပို့ရမယ်ဆိုရင် တက္ကစီသမားက ခြေဆုံးခေါင်းဆုံး ကြည့်ပြီးတော့ လိုက်မပို့ဘူးလို့ အထိအောင် ဖြစ်ခဲ့ပါတယ်။ အဓိက ကတော့ ဒီလိုမျိုး အဖြစ်မျိုးဖြစ်ပြီးမှ ရပ်ရွာက နာသွားတာပါ။ အဲဒီတော့ ကျွန်တော်က ဒီလိုမျိုးဖြစ်တာမျိုးကို ခင်ဗျားတို့ ရဲတပ်ဖွဲ့က မဖြစ်အောင် ကြိုတင်ကာကွယ် တားဆီးမှုတွေ မလုပ်ခဲ့ဘူးလားလို့ မေးတဲ့အခါကျတော့ ၊ အဓိက ကတော့ဗျာ၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့ ထက်ပေါ့နော်၊ ဒီဟာတွေနဲ့ ပတ်သက်လို့ ဒီလူတွေရဲ့ စရိုက်တွေအကြောင်း ပိုသိတဲ့ ရပ်ရွာအုပ်ချုပ်ရေးမှူးတွေက တာဝန်ရှိပါတယ်တဲ့။ ရပ်ရွာအုပ်ချုပ်ရေးမှူးတွေက လိုအပ်တဲ့ ခြေချုပ်တွေ၊ ခံဝန်တွေ လုပ်ထားခဲ့မယ် ဆိုလို့ရှိရင် ဒီခြေချုပ်ခံဝန်ဖောက်ဖျက်မှုတွေနဲ့ ကျွန်တော်တို့ ရဲတပ်ဖွဲ့က လိုအပ်သလို အရေးယူပေးနိုင်လိမ့်မယ်လို့ ပြောပါတယ်။

အဲဒီတော့ ဆိုလိုတဲ့ သဘောကတော့ ရပ်ကွက်တစ်ခုမှာ ဘယ်သူဟာ ဆိုးနေတယ်၊ ဘယ်သူဟာသောင်းကျန်းနေတယ်ဆိုတာ ရပ်ရွာ အုပ်ချုပ်ရေးမှူးတွေက အသိပါပဲ။ လိုအပ်တဲ့တားဆီးမှုတွေ သူတို့ လုပ်နိုင်မှာပါ။ ဒါနဲ့ ပတ်သက်လို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ကျွန်တော် မေးပြောတဲ့အခါမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဝန်ခံပါတယ်။ အဲဒီလိုပေါ့၊ ရပ်ကွက်ရဲ့ ပွကြီးလိုမျိုး သူတို့အချိန်မီ မတားဆီးနိုင် ခဲ့တဲ့အတွက် ဒီလိုမျိုးဖြစ်တယ်ဆိုတာမျိုး ပြောပါတယ်။ ဒါကြောင့် ရပ်ရွာတစ်ခုရဲ့ အေးချမ်းသာယာရေးမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက အဓိက တာဝန်ယူကြရတယ်ဆိုတာ ကျွန်တော် ဥပမာအဖြစ်နဲ့ တင်ပြတာပါ။ နောက်ဥပမာအဖြစ် တင်ပြရမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ မဲဆန္ဒနယ်မှာ ရေကြီးနစ်မြုပ်နေတာတွေ တော်တော်များပါတယ်။ များတဲ့အခါမှာ ဘာများသွားတွေ့လဲဆို အိမ်တိုင်းအိမ်တိုင်း ဆိုင်တိုင်းဟာ ကျူးကျော်ရင်းနဲ့ ရေနုတ်မြောင်းတွေပိတ်တာ၊ အမှိုက်တွေ စည်းကမ်းမဲ့ပစ်တာတွေပါ။ ဒါတွေကလည်း အဓိက တာဝန်ရှိတာက စည်ပင်သာယာ မဟုတ်ပါဘူး။ အဓိက တာဝန်ရှိတာက ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေပါပဲ။ ဒါဟာလည်း သူတို့အတွက်၊ ရပ်ကွက်အတွက် သူတို့တာဝန်ရှိတာပါ။ ဒါမျိုးတွေ အားနည်းချက်တွေ တွေ့ရပေမယ့် ဘာတွေ ပြန်တွေ့ရသလဲဆိုလို့ရှိရင် ကျွန်တော်တို့ ဒီတစ်ချိန်တုန်းကတော့ ကျွန်တော်တို့ တယ်လီဖုန်း Sim Card တွေကို ဒီရပ်ကွက် အုပ်ချုပ်ရေးမှူးတွေကနေ တစ်ဆင့်ပေးပါတယ်။ ပေးတဲ့အခါမှာ Sim Card တစ်ခုကို (၁)သိန်းကျော် လောက် တန်ပါတယ်။ တန်တဲ့အခါမှာ ကျွန်တော့်အသိ အုပ်ချုပ်ရေးမှူးတစ်ယောက်ကတော့ ကျွန်တော့် မဲဆန္ဒနယ် များပါတယ်။ ကျွန်တော့်အသိ အုပ်ချုပ်ရေးမှူးတစ်ယောက်ကတော့ ကိုဖုန်းမြင့်အောင် ရေတဲ့ ကျွန်တော် ဒီလကတော့ ကျွန်တော့်ရပ်ကွက်က Sim Card (၂၀၀)ရတဲ့အထဲမှာ ကျွန်တော်က(၂၀)လောက်

ကျွန်တော်ယူထားလိုက်တယ်လို့ ပြောပါတယ်။ ဟာ ခင်ဗျားတော်တော် များတာပဲပြောတော့ ဒါပေမဲ့ အကုန်ရတယ်မထင်ပါနဲ့တဲ့၊ ဒီ Sim Card (၂၀)ကနေ (၁၀) Card ကို ကျွန်တော် မြို့နယ်ကို ပေးရပါတယ် ပြောပါတယ်။ ဟာ ဘယ်လိုဖြစ်တာလဲ။ ခင်ဗျားမြို့နယ်ကိုခွဲပေးရတာ များလှချည်လား ဆိုတော့ ဒီလိုဗျာတဲ့၊ ကျွန်တော်တို့ရပ်ကွက်က အုပ်ချုပ်ရေးအဖွဲ့တွေမှာလည်းတဲ့ မြို့နယ်က ခန့်ထားတဲ့ မြို့နယ်စာရေးဆိုတာရှိပါတယ်တဲ့။ မြို့နယ်စာရေးဆိုတာ ကျွန်တော်တို့ မဟုတ်တာလုပ်တာမှန်သမျှ အကုန်သိတယ်ပေါ့နော်။ ကျွန်တော် ဒီလို Sim Card (၂၀)ယူထားတာ သူသိတဲ့အတွက် ကျွန်တော် (၁၀) Card သွားပေးရတယ်လို့ ပြောပါတယ်။ ဒါကြောင့် ကျွန်တော်ကပေါ့နော်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေက ကိုယ်ကျင့်တရားအရရော၊ တာဝန်သိမှုရော အရေးကြီးပါတယ်။ ဒီလိုကိုယ်ကျင့်တရား မသိဘူးမရှိဘူး၊ တာဝန်မသိဘူးဆိုလို့ရှိရင် ရပ်ရွာအတွက် ထိခိုက်နစ်နာတာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခုပေါ်ပေါက်လာတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဥပဒေအရတော့ ကျွန်တော်တို့ ရပ်ကွက်အုပ်ချုပ်ရေးကို ကျွန်တော်တို့ ရွေးချယ်တင်မြှောက်ပါတယ်။ ဒီရေးဆွဲထားတဲ့ ရပ်ကွက် အုပ်ချုပ်ရေးမှူးဥပဒေမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူး တင်မြှောက်ပုံနဲ့ ပတ်သက်လို့ အပိုင်း(၂)ပိုင်း ခွဲထားပါတယ်။ ပထမအပိုင်းကတော့ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စု ကိုယ်စားလှယ် ရှေ့အိမ်နောက်အိမ် (၁၀)အိမ်ကနေပြီးတော့ ဆယ်အိမ်စု ကိုယ်စားလှယ် အဖြစ် တစ်ဦးကို ရွေးရမှာပါ။ တစ်နည်းအားဖြင့် ဆိုလို့ရှိရင်တော့ ပထမအဆင့်ကတော့ ဒီ(၁၀)အိမ်မှာ (၁)အိမ်ကပဲ ဆယ်အိမ်စုကိုယ်စားလှယ်ဖြစ်မှာပါ။ ကျန်တဲ့ (၉)အိမ်က ဆယ်အိမ်စုကိုယ်စားလှယ် မဖြစ်ပါဘူး။ ဒုတိယအဆင့် အနေနဲ့က ဆယ်အိမ်စုကိုယ်စားလှယ်က တစ်ခါထပ်ပြီးလို့ရှိရင် ကျွန်တော်တို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ဒုတိယအဆင့်အနေနဲ့ ရွေးပါတယ်။ အဲဒီတော့ ဒီဥပဒေအရ အကြမ်းဖျင်း ကြည့်မယ်ဆိုလို့ရှိရင် အိမ်ထောင်စု(၁၀)ဦးမှာ (၉)ဦးက ရပ်ကွက်အုပ်ချုပ်ရေးမှူး မရွေးနိုင်ဘဲနဲ့ တစ်ဦးကပဲရွေးချယ်နေရတဲ့ သဘောဖြစ်နေပါတယ်။ အဲဒီတော့ ပထမဦးဆုံးဖြစ်တဲ့ ဆယ်အိမ်စုကိုယ်စားလှယ်ကနေပြီးတော့ တစ်ဦးရွေးချယ်တဲ့အခါမှာလည်း ကျွန်တော်တို့ ဥပဒေက ရေးဆွဲပြဋ္ဌာန်းထားတာက လျှို့ဝှက်ဆန္ဒမဲ ပေးရမယ်လို့ ကျွန်တော်တို့ ရေးဆွဲပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ဒီရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်တဲ့အခါမှာ ကျွန်တော့်အိမ်မှာရှိတဲ့ ကျွန်တော့်အမျိုးသမီးကို မေးပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ ဥပဒေအရလည်း ရေးဆွဲတော့မယ်။ လာပြီးရပ်ကွက်က၊ ရုံးက ဘာလာပြောလည်း ဆိုတဲ့အခါကျတော့ သူကပြောပါတယ်။ လာပြောလို့ လက်မှတ်တောင်ထိုးပြီးပြီလို့ ပြောပါတယ်။ ဆယ်အိမ်စုကိုယ်စားလှယ်အတွက် ဟာ ဘယ်လိုထိုးရသလဲ ဆိုတဲ့အခါကျတော့မှပဲ ဆယ်အိမ်စုကိုယ်စားလှယ် ဘယ်သူ့ ဘယ်သူ့အတွက်ကို လက်မှတ်လာထိုးပါလို့ ပြောတဲ့အတွက် ထိုးပေး လိုက်တယ်လို့ ပြောပါတယ်။ ဟာမဟုတ်ဘူး။ ဆယ်အိမ်စုကိုယ်စားလှယ် ရွေးဖို့ဆိုတာက ဥပဒေအရတော့ လျှို့ဝှက်မဲပေးရမှာ။ လျှို့ဝှက်မဲပေးပြီးတော့မှ အဲဒီလျှို့ဝှက်မဲနဲ့ လုပ်ရမှာပေါ့နော်။ လက်မှတ်ထိုးပြီးတယ် ဆိုရင် လျှို့ဝှက်မဲ မဟုတ်ဘူးလို့ ကျွန်တော်ပြောပါတယ်။ ဒါပေမဲ့ သူကတော့ ကျွန်တော့်ကို ဘာမှရှင်းမပြပါဘူး။

အဲဒီတော့ ကျွန်တော် ကျန်တဲ့သူတွေ လိုက်မေးကြည့်တော့လည်း ဆယ်အိမ်စုကိုယ်စားလှယ်ကို လက်မှတ်ထိုးရတယ်။ လက်မှတ်ထိုးပြီးတာမှ တချို့က ဆယ်အိမ်ခေါင်းကိုလည်း ထိုးခိုင်းတာရှိတယ်။ တချို့ကတော့ ကြီးကြပ်ရေးအဖွဲ့ရုံးရှေ့မှာ၊ ဓမ္မာရုံမှာ သွားထိုးတာရှိတယ်။

အဲဒီတော့ ကျွန်တော်တို့ ဥပဒေအရတော့ လျှို့ဝှက်မဲလို့၊ ဆယ်အိမ်စု ကိုယ်စားလှယ်ရွေးပွဲကို လျှို့ဝှက်မဲလို့ပေးရရင် လက်မှတ်ထိုးရတာနဲ့ကို ဥပဒေနဲ့မညီတော့ဘူး ဆိုတာနဲ့ ပတ်သက်လို့ ကျွန်တော် မြို့နယ် အုပ်ချုပ်ရေးမှူးနဲ့ ကျွန်တော်တွေ့ရင် ပြောပါတယ်။ ကျွန်တော့်အားကိုး စရာဆိုလို့ ဥပဒေစာအုပ် ရှိတော့ ဥပဒေစာအုပ်ကို ထောက်ပြပြီး ကျွန်တော်ပြောပါတယ်။ ပြောတဲ့အခါကျတော့ သူက ဘာပြောသလဲဆိုတော့ ကိုဖုန်းမြင့်အောင်ရေတဲ့၊ ခင်ဗျားဥပဒေက ခင်ဗျားဥပဒေပဲတဲ့၊ ဒါပေမဲ့ ကျွန်တော်လည်း တစ်ချိန်ကျလို့ရှိရင်ပေါ့လေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ Conplaint တွေ တက်လာမယ်။ ပြဿနာတွေရှင်းရမယ်ဆိုလို့ရှိရင် ကျွန်တော့် Document ရအောင်လို့ သူတို့ လက်မှတ်တွေ ယူထားရတယ်လို့ ပြောပါတယ်။ အဲဒီတော့ ဆိုလိုတဲ့ သဘောကတော့ ဥပဒေမှာတော့ လျှို့ဝှက်မဲဆိုပေမယ့် သူတို့လက်တွေ့မှာတော့ အလုပ်ဖြစ်ရအောင်လို့ လက်မှတ်ထိုး ယူထားရတယ်။ အဲဒီလက်မှတ်ကို သူတို့ ခေါက်သိမ်းထားတယ်။ ပြဿနာဖြစ်ရင် ရှင်းလို့ရအောင်လို့ ပြောပါတယ်။ အဲဒီတော့ ဥပဒေနဲ့ လက်တွေ့အခြေအနေနဲ့ ကိုက်ညီရအောင်လုပ် ဆိုတဲ့သဘောပါပဲ။ ဆယ်အိမ်စု ကိုယ်စားလှယ်ရွေးချယ်ပွဲကို လျှို့ဝှက်မဲနဲ့ မလုပ်နိုင်ပါဘူး။ သူတို့ကိုယ်တိုင်ကို လက်မှတ် ထိုးတာပါ။ ဒါကလည်း အားလုံးကို စုံစမ်းကြည့်လို့လည်း ရပါတယ်။ ဒုတိယအဆင့်ဖြစ်တဲ့ ဆယ်အိမ်စု ကိုယ်စားလှယ်များကနေပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲကတော့ ဥပဒေနဲ့အညီ လုပ်တာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေဆိုတာ ဘာလို့ဥပဒေ ရေးဆွဲပြဋ္ဌာန်းရသလဲဆိုလို့ရှိရင် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ မှာဆိုလို့ရှိရင် သူက ဘာပြောသလဲဆိုလို့ရှိရင် ရပ်ရွာဖော်ပြထားချက်အရ ရပ်ရွာအုပ်ချုပ်ရေးမှူးကို ရပ်ရွာက တာဝန် ပေးရမည်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဒါဟာဘာအဓိပ္ပာယ်လည်း ဆိုလို့ရှိရင် ရပ်ရွာဆိုတာ လူတိုင်း လူတိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ရွေးချယ်တာဝန်ပေးရမည် ဆိုတဲ့ သဘောပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လွှတ်တော်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကျွန်တော်တို့ လွှတ်တော်တွေက ပြဋ္ဌာန်းတဲ့ ဥပဒေတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်လို့မရပါဘူး။ မညီလို့ မရပါဘူး။ ဒီလိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီလိုလုပ်ပါဆိုလို့ရှိရင် ဒီလိုလုပ်အောင်၊ ပြည့်မီအောင် လုပ်ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် အုန်းမောင်းခေါက်ပါဆိုလို့ရှိရင် ကျွန်တော်တို့ အင်နဲ့အားနဲ့ကို ခေါက်ပစ်ရမှာဖြစ်ပါတယ်။ အုန်းမောင်ခေါက်ပါဆိုပြီးတော့မှ ကျွန်တော်တို့ က နှီးဖျားနဲ့ရိုက်လို့ မရပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေက ရပ်ရွာက ပေးရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ လူတိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်တာဝန်ပေးနိုင်အောင် ကျွန်တော်တို့ ဥပဒေက လမ်းဖွင့်ပေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ရှိဥပဒေကတော့ ဒီအခွင့်အရေးကို မမီပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဆိုလိုရင်းအချက်ကို ကျွန်တော်တို့က ပြည့်မီခြင်းမရှိပါဘူး။ ဒီလိုပြည့်မီခြင်း မရှိခြင်းဆိုတဲ့ အချက်ရယ်၊ ကျွန်တော်တို့ လက်တွေ့အားဖြင့် မဖြစ်နိုင်တဲ့ ရပ်ကွက်အုပ်ချုပ်ရေး ဒီဆယ်အိမ်စု ကိုယ်စားလှယ်ကို လျှို့ဝှက်မဲနဲ့ လုပ်ရမယ်ဆိုတဲ့အချက်က သူတို့ပြောသလိုလည်း ကျွန်တော်တို့ ပြန်စဉ်းစားကြည့်ပါတယ်ပေါ့နော်။ လျှို့ဝှက်မဲဆိုတာမျိုးက ပြဋ္ဌာန်းချက်အရဆိုလို့ရှိရင် ကိုယ်တိုင်ကလွဲလို့ ဘယ်သူမှမသိရတာ လျှို့ဝှက်မဲပါ။ လက်ရှိဆယ်အိမ်စု ကိုယ်စားလှယ် ရွေးချယ်ပွဲကို လျှို့ဝှက်မဲနဲ့ လုပ်ရမယ်ဆိုလို့ရှိရင်လည်း ရပ်ကွက်တစ်ခုဟာဆိုလို့ရှိရင် လျှို့ဝှက်မဲဆန္ဒပေါင်း ရာချီ လုပ်ရမှာပါ။ ဒီဟာကလည်း ကြီးကြပ်မှုတွေအဖွဲ့က လက်တွေ့ အခက်အခဲရှိပါတယ်ပေါ့နော်။ လက်တွေ့ အခက်အခဲရှိတဲ့ ဥပဒေတစ်ခုကို ကျွန်တော်တို့ လွှတ်တော်က ရေးဆွဲပြဋ္ဌာန်းမိသလိုလည်း ဖြစ်နေပါပြီ။

ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၈၉ က ပြဋ္ဌာန်းချက်ဖြစ်တဲ့ ရပ်ရွာက ကျေးရွာ အုပ်ချုပ်ရေးမှူးကို ရပ်ရွာက တာဝန်ပေးရမယ်ဆိုတဲ့အချက်ကိုလည်း ပြည့်မီခြင်း မရှိပါဘူးပေါ့နော်။ ဒီအချက်(၂)ချက်ကြောင့် ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီအောင်၊ လက်တွေ့လည်း အလုပ်ဖြစ်နိုင်အောင် ကျွန်တော်တို့ အရင်ခေတ်ကလိုပေါ့နော်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲကို ရွာလယ်မှာ မောင်းထုပြီးတော့ အားလုံးတက်ညီလက်ညီနဲ့ တစ်ပြိုင်တည်း၊ တစ်ချိန်တည်း နာမည်နဲ့ ဓာတ်ပုံထောင်ပြီးတော့ ရွေးချယ်ပွဲလုပ်နိုင်အောင်လို့ ကျွန်တော်တို့က ဥပဒေပြင်ဆင်ချက် တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် တင်သွင်းရတဲ့ ဥပဒေနဲ့ ပတ်သက်လို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အကျယ်မရှင်းပြတော့ပါဘူး။ ဒီဥပဒေနဲ့ ပတ်သက် လို့ အမျိုးသားလွှတ်တော်က စဉ်းစားဆုံးဖြတ်ပေးပါရန် အဆိုအဖြစ် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)က ဦးဖုန်းမြင့်အောင် တင်သွင်းတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးရန်အဆိုကို ကျွန်မက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁ (က) (ဂ)နဲ့ (ဃ) အရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈ (က)အရလည်းကောင်း ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးဖုန်းမြင့်အောင် တင်သွင်းသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား

လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်း အရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၃-၉-၂၀၁၄ ရက် (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဥ္စမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင် အသိပေး မည် ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၁၁း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။]